www.burmeseclassic.com

အသစ်စက်စက်ဂမ္ဘီရဆန်းကြယ်လုံးချင်းဝတ္ထု

# ဂမ္ဘီရဟောင်ရွှေ

## ယောက်ျားတွေကိုမုန်းတဲ့တစ္ဆေ



ဝန်း ဖိုသိန်းနေကြည်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၇၄၁၀၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၉၉၁၀၁၀
၂၀၁၀ခုနှစ်၊ ဒီဇင်ဘာလ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/-)ကျပ်

**ထုတ်ဝေသူ**
ဦးသစ်လွင်၊ ဂန္ဓော်မြိုင်စာပေ၊ (မြ-၀၉၄၁)၊ အမှတ် ၁၁၃၊ ရွှေပြည့်သာလမ်း၊ ၆-ရပ်ကွက်၊ သာကေတမြို့နယ်။

**မျက်နှာဖုံးပုံနှိပ်**
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက် အမှတ်-၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

**အတွင်းပုံနှိပ်**
ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက် ၉/အိတ်ချ်၊ နဝရတ်လမ်းသွယ်၊ မရမ်းကုန်းမြို့နယ်။

**ပြည်လုံးကျွတ်ဖြန့်ချိရေး**
**ဖိုးဂျင့်အောင်စာပေ**
အမှတ်-၄၉၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅.၈၃
ဂမ္ဘီရမောင်ရွှေ
ယောက်ျားတွေကိုမုန်းတဲ့တစ္ဆေ / ဂမ္ဘီရမောင်ရွှေ။ - ရန်ကုန်၊ ဂန္ဓော်မြိုင်စာပေ၊ ၂၀၁၀။
၁၂၀-စာ၊ ၁၃၀ × ၂၀၇ စင်တီ။
(၁) ယောက်ျားတွေကိုမုန်းတဲ့တစ္ဆေ

## ပါဝင်သောအခန်းများ

| | | |
|---|---|---|
| အခန်း | ၁။ | ရသေ့ကြီး၏ ခန္ဓာချုပ်တွက်ကိန်း |
| အခန်း | ၂။ | ခရီးမထွက်ရန်တားမြစ်ခံရသူ |
| အခန်း | ၃။ | အလည်တစ်ခေါက်အရောက်လာသူ |
| အခန်း | ၄။ | ယောက်ျားမုန်းတစ္ဆေ |
| အခန်း | ၅။ | ကတိမဲ့သူကျွ |
| အခန်း | ၆။ | ရေတော်ရွာသို့ ခရီးထွက်ခြင်း |
| အခန်း | ၇။ | ထိတ်လန့်ခဲ့ရသော ညတစ်ည |
| အခန်း | ၈။ | စိတ္တဇသမား |
| အခန်း | ၉။ | ရမ္မက်တို့၏ ကန့်သတ်မဲ့နယ်မြေ |
| အခန်း | ၁၀။ | ကြောက်စရာကောင်းသော ညှော်သည်နှစ်ယောက် |
| အခန်း | ၁၁။ | သစ္စာမဲ့ကြသူများ |
| အခန်း | ၁၂။ | နောင်တများစွာ |

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁၃။ အိမ်မည်းကြီးဆီရောက်ခဲ့ခြင်း
အခန်း ၁၄။ သူ့ဘဝ သူ့အဖြစ် သူ့ကံကြမ္မာ
အခန်း ၁၅။ ဦးခေါင်းကိုဖွင့်ပြသူ
အခန်း ၁၆။ အခြေအနေအရပ်ရပ်
အခန်း ၁၇။ တနင်္ဂနွေနေ့တစ်နေ့
အခန်း ၁၈။ ရွှံ့ကြေးကို ဆပ်မည့်သူ
အခန်း ၁၉။ နာကြည်းမှု၏ အဆုံးသတ်နိဂုံး

## ရသေ့ကြီး၏ အနှာချုပ်တွက်တိန်း

ထိုနေ့က ဖြစ်ရပ်လေးကို တင်မိုး ဘယ်တော့မှ မေ့နိုင်မှာမဟုတ်
မေ့ရက်စရာလည်းမရှိ။ သူတို့နေထိုင်ရာ နယ်မြို့လေးမှာ ရန်ကုန်မြို့၏ အရေ
မြောက်ဘက် မိုင်(၃၀)ခန့်ဝေးသော နေရာတွင်ရှိ၏။ ဆန်စပါး၊ ပဲ၊ ဖရဲနှ
အသီးနှံတချို့ လှိုင်လှိုင်ထွက်ရှိရာ မြို့လေးလည်းဖြစ်သည်။ လမ်းပန်းဆက်သွယ
ရေးလည်းကောင်းသလို လူနေမှုအဆင့်အတန်းမှာလည်း အတော်အတန်မြ
သည်။

မနက်ပိုင်းလို အချိန်မျိုး၌ ဈေးတစ်ပိုက်နှင့်ရန်ကုန် ကားဂိတ်တို့တွ
အထူးစည်းကားသည်။ မြို့လေးပတ်ပတ်လည်ရှိ ကျေးရွာများမှ ကုန်သွယ်က
သန်းလာကြသူတွေက ပိုများသည်။

ရွှေစည်းစိမ် လက်ဖက်ရည်ဆိုင် ... ။

ဒသည်ဆိုင်လေးက ကားဂိတ်နှင့်မလှမ်းမကမ်းတွင်ရှိသည်။ ခမ်းခမ်းန
နားကြီးကြီးကျယ်ကျယ် မဟုတ်သော်လည်း လက်ဖက်ရည်ကောင်းသည်။ လ

ရဲရင့်အောင်စာပေ

www.burmeseclassic.com



ာ်ခြောက်ကောင်းသည်။ နေ့လယ်ပိုင်းလိုအချိန်မျိုးတွင် သူနှင့်မျိုးကျော်သည် ိုင်လေး၌ မကြာခဏဆိုသလို ဆုံတတ်၏။ သူတို့က နယ်ခံတွေ။

ထိုနေ့က သူတို့မြို့လေး၏ ဘုရားပွဲအစ ပထမနေ့ဖြစ်သည်။ တပေါင်း ဆန်း(၁၀)ရက်မှစတင်ကာ လပြည့်ကျော်(၁)ရက်နေ့ထိ ကျင်းပ၏။ ဘုရားပွဲ ၁ အလွန်စည်သည်။ နာမည်ကျော်ဇာတ်ပွဲတွေ သုံးရုံမက အပြိုင်ကသည်။ နယ်နယ်အရပ်ရပ်မှ လာရောက်ရောင်းချသည့် ပွဲဈေးတန်းကလည်း ဟည်းထ, နသည်။ ထိုအချိန်မျိုးတွင် အနယ်နယ်အရပ်ရပ်မှ လူမျိုးစုံလည်း ရောက်လာ တတ်၏။

"လူပျိုပေါက်အရွယ်ကဆို ဘုရားပွဲရက်ရောက်ရင် ဖင်တကြွကြွနဲ့ လမ်း လားရတာအမော၊ အပေါင်းအသင်းတွေနဲ့ သုံးလိုက်ဖြုန်းလိုက် ဇာတ်ပွဲတွေ ကြည့်လိုက်နဲ့ တကယ့်ကို ပျော်စရာကောင်းခဲ့တာ"

မျိုးကျော်က လမ်းမဘက်သို့ငေးရင်း ပြောသည်။

"ခုတော့ ... ပျော်ကိုမပျော်တတ်တော့ဘူး"

"ခုမှ မင်းအသက်(၃၀)ကျော်လေးပဲ ရှိပါသေးတယ် မျိုးကျော်ရာ"

သူက ရှေ့တွင်ချထားသော လက်ဖက်ရည်ခွက်ကို ကောက်ကိုင်ကာ ာစ်ငုံငုံလျက် ခပ်အေးအေးဆိုလိုက်သည်။

"အပျော်ဆိုတာ အသက်အရွယ်နဲ့မဆိုင်ဘူး၊ နေရာနဲ့မဆိုင်ဘူး၊ အချိန် မဆိုင်ဘူး၊ ကိုယ့်စိတ်ရဲ့ဖြစ်ပေါ်လာတဲ့ ဖွံ့ဖြိုးတည်မှုအပေါ်မှာပဲ"

မျိုးကျော်က စာတိုပေစလေးများသည့် စာရေးဆရာတစ်ယောက်မို့ စကားကြီးစကား ကျယ်တွေ သုံးတတ်သည်။ ဟုတ်တာတွေရော၊ မဟုတ်တာတွေ ရာပါသည်။ နားလည်တာတွေရော၊ နားမလည်တာတွေရောပါသည်။





"မင်းပျော်တာ ငါသိပါတယ်၊ အရက်ဆိုင် မဟုတ်လား"

"မပျော်ပါဘူးကွာ၊ စိတ်အပန်းဖြေရုံသက်သက်ပါ တင်မိုးရာ"

မျိုးကျော်မှာ အရမ်းကာရောတော့ သောက်တတ်သူမဟုတ်။ ညနေ စောင်းမှ စည်းနှင့်ကမ်းနှင့်သောက်သူ။ ပြီးတော့ လူတန်းစားမျိုးစုံကို အထိုက် အလျောက် ပေါင်းတတ်သင်းတတ်သူ။ တင်မိုးက မျိုးကျော်စကားကြောင့် ပြုံး ယဲ့ယဲ့လေးဖြစ်ရပြန်သေးသည်။ စကားကို ရှောင်တတ်တိမ်းတတ်သည့်ကောင်၊ သူတို့နှစ်ယောက် အတန်ကြာ စကားစပြတ်သွားကြပြန်၏။ လမ်းပေါ်တွင် ယခင် နေ့တွေထက် လူသွားလူလာပိုများသည်။

"ဟော့ကောင် ... တင်မိုး၊ ဟိုမှာကြည့်စမ်း"

မျိုးကျော်ညွှန်ပြရာကိုကြည့်တော့ အသက်(၇၀)နီးပါးခန့်ရှိ ရသေ့တစ်ဦး၊ ခေါင်းတွင် ဒေါက်ချာအစုတ်ကြီးဆောင်းထားသည်။ သက်န်းက အရောင်အဆင်း မပေါ်တော့။ ခန္ဓာကိုယ်က ပိန်လှီးနေလျက် ရှေ့သို့ကိုင်းနေသည်။ ထူးခြားမှုမှာ ရှည်လျားသော မုတ်ဆိတ်မွေးဖြူဖြူတွေဖြစ်သည်။ သပိတ်ကိုလွယ် ပခုံးထက်က လွယ်အိတ်တစ်လုံး တောင်ဝှေးတစ်ချောင်းနှင့် ခပ်ဝေးဝေးမှ လာနေတာတွေ့ သည်။

"ဒီလောက်နေပူနေတာ ဖိနပ်မပါဘူး"

"အေးကွာ ... သူ့အသက်အရွယ်နဲ့ အပူရှပ်မှာစိုးတယ်"

တချို့က အထူးအဆန်းလို ဖြတ်သွားဖြတ်လာကြည့်သွားကြသည်၊ တစ်ယောက်စ နှစ်ယောက်စကတော့ သဒ္ဓါတရား ဖြစ်လာလို့ ထင်ပါရဲ့၊ ဖိနပ် လေးချွတ်ပြီး ငွေစက္ကူလေးတွေ လှူနေတာတွေ့သည်။ ထို့နောက် ဆက်လျှောက် သည်။ သူတို့ထိုင်နေရာ စားပွဲနှင့် တန်းတန်းလမ်းမပေါ်အရောက်တွင် ထိုရသေ့



www.burmeseclassic.com

www.burmeseclassic.com



တိခနဲချုပ်တန့်သွားလေ။ ဘာကြောင့်ဟူ၍တော့မသိ။ စက္ကန့်ပိုင်းတော့ ကြာမည်ထင်သည်။ ထို့နောက် လက်ဖက်ရည်ဆိုင်ဘက်သို့ မျက်နှာမူလိုက်သည်။ ထိုအချိန်က ဆိုင်ထဲတွင် လူရှင်းနေချိန်။ ထိုရသေ့ဆိုင်ဆီသို့ တစ်လှမ်းချင်းလျှောက်လှမ်းခဲ့သည်။ အလှူခံဖို့ပဲဟု တင်မိုး စိတ်ထဲတွေးသည်။ သူတို့ထိုင်နေရာ စားပွဲဆီသို့ တည့်တည့်လျှောက်လာသည်။

"ဟော့ကောင် ... မင်းမှာအခကြွေးပါသေးလား"

မျိုးကျော်က ခေါင်းညိတ်ကာ အိတ်အတွင်းမှ နှစ်ရာတန်တစ်ရွက်ကို ထုတ်သည်။ စားပွဲနားတွင် လာရပ်သည့်အခါ မျိုးကျော်က တလေးတစားထ,လောင်းသည်။ သင်္ကန်းတွေ၊ ဒေါက်ချာတွေ ညစ်နွမ်းကာ အရောင်အဆင်းမပေါ်တော့သော်လည်း မျက်နှာက ကြည်စင်နေသည်။ မျက်လုံးက စူးရဲသည်ဟုထင်သည်။ မုတ်ဆိတ်ဖြူဖြူတွေက ငွေရောင်လက်လက် ထ,နေသည်မှာတော့ အံ့သြစရာပင်။

"ဘရသေ့ကို ဒီခုံမှာ ခဏထိုင်ခွင့်ပြုပါ"

ရုတ်တရက်တော့ မျိုးကျော် ကြောင်သွားသည်။ ဘာသဘောပါလိမ့်ဆိုသောအတွေး။ အသံက တိုးညင်းသလောက် ပြတ်ပြတ်ထင်ထင်ရှိသည်။ နောက်မှ ...

"ထိုင်ပါ ... ဘရသေ့၊ ထိုင်ပါ"

ထိုရသေ့ထိုင်ခုံတွင် ဝင်ထိုင်သည်။ မျက်လုံးတွေက မျိုးကျော်ကိုမကြည့်၊ စားပွဲခုံမျက်နှာပြင်ပေါ်သို့သာ စိုက်ကြည့်နေသည်။

ခဏကြာတော့မှ ...

"လောကမှာ ပြောင်းလဲခြင်း၊ ဖောက်ပြန်ခြင်း၊ ပျက်စီးခြင်း ရွေ့လျား





ခြင်းဆိုတဲ့ သင်္ခါရဟာ အမြဲတမ်း အမှန်တရားအဖြစ် ရပ်တည်နေတယ်လူလေးဘဝဟာ ပျက်စီးခြင်းတွေကြားထဲမှာပဲ တည်ဆောက်နေကြတာ။ ပရမ်းပတာအကျည်းတန်တွေကြားထဲမှာပဲ အလှအပကို ရှာဖွေနေကြတာ။ လူဆိုတဲ့ သတ္တဝါဟာလည်း သင်္ခါရ ချေပြင်ကျယ်မှာ သတိပညာဆိုတဲ့ မဂ္ဂဖောင်လှေနဲ့ လော်ခတ်နေကြတာမို့လား။ အဲဒီလို သင်္ခါရကို သင်္ခါရက ကူးခတ်ကျော်လွှားနေရင်းလွတ်မြောက်သူအဖြစ် ကြိုးစားရမယ်"

ဘရသေ့ ဘယ်လိုရည်ရွယ်ချက်နှင့်ပြောနေမှန်း တင်မိုးသဘောမပေါက်နိုင်။ ပြောသည့်အထဲတွင် သင်္ခါရတွေကတော့ အများဆုံးပါဝင်ကာ သတိထားဖြစ်သည်။ မျိုးကျော်တော့ မည်သို့ရှိမည်မသိ။

"လူလေး နာမည်က ဘယ်သူ"

"မျိုးကျော်ပါ"

"လူလေး သေရမှာကြောက်လား"

"ဗျာ"

"ဘရသေ့မေးတာ ရှင်းရှင်းလေးပါ၊ သေရမှာကြောက်မကြောက်ဆိုတာကိုပဲ"

"ပုထုဇဉ်ပီပီ သေရမှာကိုကြောက်တယ်လို့ပြောရမှာပဲ၊ တစ်ခါတလေကျတော့လည်း နာကျင်မှုဝေဒနာမခံစားရဘဲ သေရင်လည်းကောင်းမယ်လို့ တွေးမိတယ်"

"အိုရမယ်၊ နာရမယ်၊ သေရမယ်ဆိုတဲ့အထဲမှာ "နာ"ဆိုတာ ပါနေတယ်လူလေးရဲ့ ... ကံအကြောင်းတရားကြောင့် နာတာရှည်ရယ်၊ နာသေတရယ် ဒါပဲကွာခြားတယ်၊ အနည်းဆုံးတော့ စက္ကန့်ပိုင်းအတွင်း နာကျင်မှုဝေ



www.burmeseclassic.com

www.burmeseclassic.com



ခံစားရမှာပဲ ... ဥပမာ ဥပစ္ဆေဒကကံမျိုးပေါ့''

မျိုးကျော်က ခေါင်းကိုအသာညိတ်သည်။ ဘရသေ့ ဘာဆက်ပြောမည် ဆိုတာကိုလည်း စိတ်ဝင်စားနေမိ၏။ စကားကို ချက်ချင်းမဆက်သေး။ နောက်မှ

''ကိုယ် ... သေဆုံးမဲ့အချိန်ကို သိချင်သလား''

''ဘရသေ့က အသေအချာပြောနိုင်လို့လား''

''အလွဲအချော်ရှိရင် လနည်းနည်းပဲ''

''ပြောလိုက်လေ ... ဘရသေ့၊ ကျွန်တော် မစိုးရိမ်တတ်ပါဘူး''

''စိတ်နိုင်မှ ပြောမှာနော်''

မျိုးကျော် တစ်ချက်ပြုံးလိုက်သည်။ သည်လိုဟောပြောချက်မျိုးရှိနိုင်ပါမည်လား။ သူ့အနေဖြင့်တော့ မယုံကြည်နိုင်ပါ။

''ပြောသာပြောပါ ဘရသေ့ ... ကျွန်တော် ဘာမှမဖြစ်ပါဘူး''

''ခန္ဓာမချုပ်ခင် တမလွန်ဘဝအတွက် ကြိုတင်ပြင်ဆင်စရာလေးတွေရှိရင် ပြင်ဆင်လို့ရအောင် နှိုးဆော်တဲ့သဘောပါ''

''နားလည်ပါတယ် ဘရသေ့''

''လူလေး ... နောက်ထပ် (၂)နှစ်အတွင်းမှာ ခန္ဓာချုပ်ဖွယ်ရာရှိတယ်''

''ဘာကြောင့်နဲ့ ဘယ်လိုသေရမလဲဆိုတာလဲ ပြောပါဦး''

''ဒါကိုတော့ ဘရသေ့ အာရုံမှာမမြင်ဘူး၊ ဒါကြောင့် မပြောနိုင်ပါဘူး''

''ကျေးဇူးပါပဲ အဘရသေ့''

''စောစောက အထင်ကြီးနေသလောက် အခုတော့ လျော့ကျသွားပြီ၊ အဓိပ္ပာယ်မှမရှိတာ၊ သေခြင်းတရားကိုလည်း ရှောင်လွှဲလို့မရပါဘူး၊ အဲ ... ကိုယ် ဘယ်နေ့ခန္ဓာချုပ်မယ်ဆိုတာ သိထားရင်တော့ ဘယ်နေရာမှာဖြစ်ဖြစ်၊





သတိနဲ့ဉာဏ်ပညာကို အသုံးချပြီးနေထိုင်သွားမယ်ဆိုရင် သေရကျိုးနပ်ပါတယ်ကွယ်''

''ဟုတ်ကဲ့''

''ကိုင်း ... ဘရသေ့သွားမယ်''

ရသေ့ကြီးက ဖြည်းညင်းစွာပင် ထွက်ခွာသွားလေပြီ။ မျိုးကျော်ကတော့ ငေးလျက် ကျန်ရစ်သည်။ စောစောက လျှမ်းမိတာလေးပင် နှမြောသလိုဖြစ်သွားမိ၏။

''မင်း ... သူပြောတာတွေ ယုံလား''

''ဘယ်သိပါ့မလဲ''

''ဘုရားပွဲဆို ဒီလိုလူမျိုးတွေ ရောက်လာတတ်တာပဲ၊ မဆန်းပါဘူး၊ သူ့တို့တော့ အလှူခံပိုရတာပေါ့၊ ဟိုဟာလေး ဟောလိုက်၊ သည်ဟာလေး ဟောလိုက်၊ ဂဏန်းလေးတွေပေးလိုက်နဲ့ ဒီလိုပဲ လုပ်စားနေကြတာ''

''ဥပမိရုပ်ကတော့ ကြည်ညိုစရာပါ''

''အဲဒီလို ပုဂ္ဂိုလ်တွေက ပိုကြောက်စရာကောင်းတယ်၊ တချို့ဆို သားတွေမယားတွေကို ရှာကျွေးနေတာ''

''ဒီအရွယ်ကြီးကျမှတော့ မဖြစ်နိုင်ပါဘူး''

''သားသမီးတွေ အသုံးမကျလို့ စွန့်ပစ်ထားလို့ ရှာစားနေရတယ်ဆိုရင်ကောကွာ''

''ဘာပဲပြောပြော နောက်(၂)နှစ်ကိုတော့ စောင့်ကြည့်ရမှာပဲ''

''ငါမို့လို့ပေါ့ကွာ၊ တခြားလူတစ်ယောက် မဆင်ခြင်တဲ့လူတစ်ယောက်ဆို သေမယ့်ရက်သာသွားပြောမိ ရိုက်ခံရမှာ၊ ကိုယ့်လာဘ်လာဘ ကိုယ်ပိတ်



www.burmeseclassic.com

www.burmeseclassic.com



အောင်လုပ်တဲ့ရသေ့၊ တချို့အသက်သာကြီးတယ် ခေါင်းမသုံးတာတွေ အများကြီး''

သူတို့တခြားရောက်တတ်ရာရာများ ဆက်ပြောရင်း အချိန်အတော်လင့်တော့မှ လမ်းခွဲလိုက်ကြသည်။ တင်မိုးအတွက်တော့ မှတ်မှတ်ရရနေ့လေးပင်။

* ✌ *



## ခင်ိုးတွေ့ယ်ရန်ထားမြစ်ခဲ့သူ

ကောင်းကင်ပြာပြာနှင့် တိမ်စိုင်တိမ်လိပ်တို့အောက်တွင် ရွှေရောင်ဖိတ်ဖိတ်တောက်နေသော ရွှေတိဂုံစေတီတော်မြတ်မှာ လွန်စွာသပ္ပာယ်လို့နေသည်။

မင်းခဆိုသော လူရွယ်တစ်ယောက် ရွှေတိဂုံအရှေ့ဘက်မုခ်မှ အေးအေးသူလူတက်လာခဲ့သည်။ သူ ... ခုတလော စိတ်တွေရှုပ်ထွေးနေခဲ့သည်။ တကြိမ်မှာအလှည့်အပြောင်းတွေက သူ့အပေါ် မျက်နှာသာနည်းနည်းလေးမှ မပေးခဲ့။ သူ မလေးရှားတွင် (၃)နှစ်နီးပါးခန့် အလုပ်သွားလုပ်ခဲ့သည်။ အစပိုင်းတွင်ဆိုးသော်လည်း နောက်ပိုင်းတွင် အလုပ်(၉)နေရာလောက်ပြောင်းလိုက်ရသည်။ အသုံးအစွဲမဆင်ခြင်သောကြောင့်လည်း ဘာမှမည်မည်ရရ စုမိဆောင်းမိမရှိခဲ့။

ထိုထက်ပို၍ စိတ်အနာတရဖြစ်ခဲ့သည်မှာ သူနှင့်နှစ်ရှည်လများ ကြိုက်ခဲ့ရသောကောင်မလေး ကောက်ခါင်ခါ် ယောကျ်ားယူသွားခဲ့ခြင်းပင်၊ အကြောင်းကြားချက်မည်မည်မရရမရှိခဲ့။ အနေတွေဝေးလို့ အချစ်တွေအေးခဲသွားတာပဲဟု သူတွေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်ဆိုလျှင် သူကဘဲ့ရတစ်ယောက်။ ဘာမှမလုပ်ချင်သည့်တိုင် အ‌ေ စည်းစိမ်ကို အခန့်သားထိုင်စားလို့ရသည်။ အဖေ့တွင် လက်ရှိအဝေးပြေးကား (၃)စီး ပိုင်ဆိုင်ထားသည်။ အမေကတော့ လွန်ခဲ့သည့် (၅)နှစ်ခန့်က ကင်ဆာ ဖြင့် ဆုံးပါးသွားခဲ့ပြီ။ သူက တစ်ဦးတည်းသောသား။

ယခု သူကောင်မလေး ရီရီချို ယူလိုက်သော ယောက်ျားမှာ သာမန် စက်ရုံလေးတစ်ရုံတွင် အမှုထမ်းနေသူ။ ရသောလစာမှာ သူ ၄-၅ရက် အသုံး စရိတ်ပင်မရှိ။ သူမရှိသည့်နောက်ပိုင်းတွင် ဘယ်လိုတွေတွေ၍ ဘယ်လိုတွေ ညားသွားကြသည်ဟု သူမပြောနိုင်။ အဆက်အသွယ်ပြတ်သွားသော (၆)လ အတောတွင်း အပြောင်းလဲကြီးပြောင်းလဲသွားတာပင်ဖြစ်၏။ တစ်ချိန်တစ်ခါက အချစ်ကြီးချစ်မိသည်ဟု ပြောလာခဲ့သော မိန်းမတွေ၏စကားကို နောက်နောင် တွင် ယုံကြည်ရန် မဖြစ်နိုင်တော့ပါ။

သူ ... ဘုရားရင်ပြင်ပေါ်သို့ ရောက်လာခဲ့သည်။ ဘုရားရိပ်တရားရိပ် ၏ အေးမြချမ်းသာမှုကို ငြင်းပယ်၍ မရနိုင်။ ခေါင်းလောင်းသံလွင်လွင်လေး တွေက သူ့စိတ်ကို ယာယီကြည်လင်သွားစေသည်ကတော့ အမှန်ပင်။

မင်းခ ဘုရားကို ဝပ်ပြုလိုက်သည်။ ထို့နောက် ကြာသာပတေးသားမို့ ကြာသာပတေးဂြိုဟ်နံထောင့်တွင် ဝပ်ပြုဆုတောင်းကာ ဘုရားကို ရေသပ္ပာယ် လိုက်၏။

ယင်းနောက် တန်ဆောင်းတစ်ခုတွင်ထိုင်ကာ စေတီတော်ကြီးအား အားပါးတရ ကြည်ညိုလိုက်သည်။ ရင်ပြင်တော်ပေါ်တွင် ဖြတ်သန်းသွားလာ နေကြသော ဘုရားဖူးတွေကို ငေးကြည့်ဖြစ်သည်။ လူတွေမျိုးစုံသလို ဘဝတွေ လည်း မျိုးစုံပေလိမ့်မည်။ ဆင်းရဲသူ၊ ချမ်းသာသူ၊ သောကနည်းသူ၊ သောက





ကြီးသူ၊ စိတ်ချမ်းသာသူ၊ စိတ်အလိုမကျဖြစ်နေသူ။

သူလိုလူမျိုးကိုရော ဘယ်လိုသတ်မှတ်နိုင်မည်လဲ။

အနီးစပ်ဆုံးဆိုရလျှင် စိတ်တွေ ဆောက်တည်ရာမရဘဲ လေလွင့်နေသူ ဟု ဆိုလျှင် ဖြစ်နိုင်ချေရှိမည်။ သူဘာကိုမှ မည်မည်ရရမလုပ်ချင်သေး။ စာတွေ ဖတ်ဖို့လည်း စိတ်မဝင်စား။ ဗီဒီယိုကားတွေဆိုပြန်လည်း ကြည့်ချင်စိတ်မရှိ။

ထိုသို့ဆိုလျှင် ခရီးထွက်လျှင်ကောင်းမည်လား။ တလောကပင် မလေး ရှားတွင် အလုပ်အတူတူလုပ်ခဲ့သော သူငယ်ချင်းတစ်ယောက် ဝယ်ထားသည့် မော်တော်ကားကို သွားခဲ့သေးသည်။ သူ့အတွက်တော့ ထိုသို့နေရာမျိုးကို သဘောကျ သည်။ လေကောင်းလေသန့်ရသလို စိုက်ထားသည်က အလှပန်းတွေမို့ စိတ် ကြည်နူးစရာကောင်းသည်။ သူငယ်ချင်းမိသားစုမှ ထိုခြံတွင်မနေဘဲ ခြံစောင့် ကောင်လေးသာထားသဖြင့် နေရထိုင်ရတာ လွတ်လပ်သည်။

သူသွားချင်နေသည့် နောက်ထပ်နေရာတစ်နေရာရှိသေးသည်။ မိမိ ဇာတိမြို့လေး။ ရန်ကုန်အရှေ့မြောက်ဘက် မိုင်(၃၀)ခန့်သာ ဝေးသည်။ သူငယ် ချင်းတွေလည်းရှိသည်။ ဆွေမျိုးသားချင်းတွေလည်းရှိသည်။ သူငယ်ချင်းတွေထဲ လည်းပင်းဖက်ပေါင်းခဲ့သူ နှစ်ဦးရှိသည်။ သူတို့နှစ်ဦးမှာ မျိုးကျော်နှင့်တင်မိုး မျိုးကျော်က စာတိုပေစလေးတွေ ရေးနေသူ။ သူက ဂမ္ဘီရလိုင်းကို အားသန်သည် လူရည်လည်သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် တပေါင်းလပြည့်ရောက်ခါနီးပြီ မြို့လေးတွင် ဘုရားပွဲရှိသည်။ အလွန်စည်သည်။ မရောက်တာကြာပြီမို့ တွေးရင်း တွေးရင်း သွားလိုစိတ်တွေ တဖွားဖွားဖြစ်လာသည်။

ဟုတ်သည်။ သူရောက်သွားလျှင် သူငယ်ချင်းတွေလည်း ... မှာဖြစ်သည်။ ထို့ကြောင့် သူဆုံးဖြတ်ချက်ချလိုက်ကာ တန်ဆောင်းအတွင်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့၏။

အပြန်တွင်လည်း အရှေ့ဘက်မုဒ်မှ ဆင်းလာခဲ့သည်။ ပစ္စည်းအမျိုးမျိုးရောင်းသော ဆိုင်လေးတွေကို ငေးလာခဲ့သည်။ တစ်နေရာအရောက်တွင် ဆေးဗေဒင်ခန်းလေးတစ်ခန်းရှိ ကြော်ငြာကို စိတ်ဝင်စားသွားသည်။

နိုင်ငံခြားပြန် သျှုတ္တရပညာရှင်

ဆရာ နန္ဒကျော်

အကြံသစ်၊ ဉာဏ်သစ်၊ လူသစ် စိတ်သစ်ဖြင့်

အောင်မြင်ကြွယ်ဝသော ဘဝသစ်တစ်ခုရရှိရန်

အသိမြင်သစ်တွေ စွမ်းအားသစ်တွေ မလိုချင်ပါသလော

ဆရာနှင့်အမြန်ဆုံး ဆွေးနွေးပါ။

မင်းခ စိတ်ထဲတွင် ဆရာနှင့်ဝင်ရောက်ဆွေးနွေးရန် စိတ်ထဲတွင် ဖြစ်တခဲ့သည်။ အတွင်းသို့လှမ်းကြည့်တော့ ဗေဒင်ဆရာဖြစ်ပုံရသော လူကြီးတစ်ယောက်စာအုပ်တစ်အုပ်အား သဲကြီးမဲကြီးဖတ်နေသည်ကလွဲလျှင် တခြားဘယ်သူမှ မရှိ။ ထို့ကြောင့် အခန်းအတွင်းသို့ ဝင်လာခဲ့သည်။

"ကြွပါခင်ဗျာ ... ကြွပါ"

ဗေဒင်ဆရာက မွန်မွန်ရည်ရည်ပင် ညွှဝတ်ပြု ကြိုဆိုသည်။

"ကျွန်တော် ဗေဒင်ကြည့်ချင်လို့ပါ"

ထို့နောက် ဗေဒင်ဆရာက စာရွက်အလွတ်တစ်ရက်နှင့် ဘောလ်ပင်ကို လှမ်းယူလိုက်ကာ ...

"မိတ်ဆွေရဲ့မွေးခု၊ မွေးလ၊ မွေးရက်နဲ့ အချိန်နာရီကို တိတိကျကျ ပြောပါ"





သူက ပြောပြလိုက်သည်။ ဗေဒင်ဆရာက အားလုံးတွက်ချက်ပြီးသော အခါ သူ့ကိုသေသေချာချာကြည့်လျက် ...

"မိတ်ဆွေက ကရကဋ်ရာသီဖွားပဲ၊ ကောင်းကင်မှာရှိတဲ့ကြယ်နက္ခတ်တွေဟာ လက်မထောင်ထားတဲ့ ဂဏန်းတစ်ကောင်ပုံပေါ်နေသည်။ ရာသီ(၁၂)ပါးထဲမှာတော့ စတုတ္ထမြောက်ရာသီပေါ့ဗျာ၊ ကရကဋ်ရာသီဖွားတွေဟာ ကောင်းကင်ပေါ်မှာရှိတဲ့ လမင်း Moon လို့ခေါ်တဲ့ တနင်္လာဂြိုလ်ဆိုးမိုးတဲ့လူသားတွေပဲ။ နှလုံးရည်နဲ့ဉာဏ်ရည်စွမ်းအားမြင့်ပြီး စိတ်ကူးစိတ်သန်းကောင်းတွေ တီထွင်ဖန်တီးလုပ်ဆောင်နိုင်သူတွေပါပဲ။

အစဉ်အလာ လမ်းရိုးအတိုင်း လုပ်ရတာကို လုံးဝမနှစ်သက်ပါဘူး ဦးချက်အသစ်၊ ရည်ရွယ်ချက်အသစ် ဘဝလမ်းကြောင်းအသစ်တွေနဲ့ အရာကို လုပ်ဆောင်တတ်သူတွေပါ။

ဒီရာသီဖွားတွေဟာ စိတ်ဆန္ဒက ဦးဆောင်တဲ့ဘဝလမ်းကြောင်းမှာ သစ်လွင်တဲ့ရှင်သန်မှု ဗီညဉ်ကို လွတ်လွတ်လပ်လပ် လွင့်မျောစေပြီး အဝိုင်အတာ၊ အဆီးအတားမဲ့ အဆုံးအစမရှိတဲ့ နယ်ပယ်မှာ အထိန်းအကွပ်မဲ့ ကျ လည်ကျက်စားတတ်တဲ့ လူမျိုးတွေဖြစ်တယ်။

ဒီရာသီဖွားတွေရဲ့ အဓိကအားနည်းချက်က စိတ်ခံစားချက်ကို အလွ အမင်းဦးစားပေးတာပဲ။ စိတ်အတက်အကျမြန်ဆန်တယ်။ စိတ်တက်ကြွပြီဆိုရ သူတစ်ပါးထက် ရှေ့ရောက်အောင် အလုပ်လုပ်တယ်။ ကိုယ့်ကိုယ်ကို ယုံကြည် လွန်ကဲသွားတတ်တယ်။ အဲ့စိတ်ဓာတ်ကျပြီဆိုလည်း တခြားသူထက် ပိုပြီးအ ငယ်နေတတ်တယ်။ ပြောမယ်ဆိုရင်တော့ စိတ်အပြောင်းအလဲများသူတွေ ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့၏။

အခြေန်တွင်လည်း အရှေ့ဘက်မုဒ်မှ ဆင်းလာခဲ့သည်။ ပန္နည်းအမျိုးမျိုးရောင်းသော ဆိုင်လေးတွေကို ငေးလာခဲ့သည်။ တစ်နေရာအရောက်တွင် ဗေဒင်ခန်းလေးတစ်ခန်းရှိ ကြော်ငြာကို စိတ်ဝင်စားသွားသည်။

နိုင်ငံခြားပြန် သျှတ္တရပညာရှင်

ဆရာ နန္ဒကျော်

အကြံသစ်၊ ဉာဏ်သစ်၊ လူသစ် စိတ်သစ်ဖြင့်

အောင်မြင်ကြွယ်ဝသော ဘဝသစ်တစ်ခုရရှိရန်

အသိမြင်သစ်တွေ စွမ်းအားသစ်တွေ မလိုချင်ပါသလော

ဆရာနှင့်အမြန်ဆုံး ဆွေးနွေးပါ။

မင်းခ စိတ်ထဲတွင် ဆရာနှင့်ဝင်ရောက်ဆွေးနွေးရန် စိတ်ထဲတွင် ဖြစ်လာခဲ့သည်။ အတွင်းသို့လှမ်းကြည့်တော့ ဗေဒင်ဆရာဖြစ်ပုံရသော လူကြီးတစ်ဦးစာအုပ်တစ်အုပ်အား သဲကြီးမဲကြီးဖတ်နေသည်ကလွဲလျှင် တခြားဘယ်သူမှ မရှိ။ ထို့ကြောင့် အခန်းအတွင်းသို့ ဝင်လာခဲ့သည်။

"ကြွပါခင်ဗျာ ... ကြွပါ"

ဗေဒင်ဆရာက မွှန်မွှန်ရည်ရည်ပင် ဧည့်ဝတ်ပြု ကြိုဆိုသည်။

"ကျွန်တော် ဗေဒင်ကြည့်ချင်လို့ပါ"

ထို့နောက် ဗေဒင်ဆရာက စာရွက်အလွတ်တစ်ရွက်နှင့် ဘောလ်ပင်ကိုလှမ်းယူလိုက်ကာ ...

"မိတ်ဆွေရဲ့မွေးခု၊ မွေးလ၊ မွေးရက်နဲ့ အချိန်နာရီကို တိတိကျကျပြောပါ"





သူက ပြောပြလိုက်သည်။ ဗေဒင်ဆရာက အားလုံးတွက်ချက်ပြီးသေ အခါ သူ့ကိုသေသေချာချာကြည့်လျှက် ...

"မိတ်ဆွေက ကရကဋ်ရာသီဖွားပဲ၊ ကောင်းကင်မှာရှိတဲ့ကြယ်နက္ခ တွေဟာ လက်မထောင်ထားတဲ့ ဂဏန်းတစ်ကောင်ပုံပေါ်နေသည်။ ရာသီ(ဒ ပါးထဲမှာတော့ စတုတ္ထမြောက်ရာသီပေါ့ဗျာ၊ ကရကဋ်ရာသီဖွားတွေဟာ ကော ကင်ပေါ်မှာရှိတဲ့ လမင်း Moon လို့ခေါ်တဲ့ တနင်္လာဂြိုလ်ဆိုးမိုးတဲ့လူသားတွေ ပဲ။ နှလုံးရည်နဲ့ဉာဏ်ရည်စွမ်းအားမြင့်ပြီး စိတ်ကူးစိတ်သန်းကောင်းတွေ တီထွင်း တီးလုပ်ဆောင်နိုင်သူတွေပါပဲ။

အစဉ်အလာ လမ်းရိုးအတိုင်း လုပ်ရတာကို လုံးဝမနှစ်သက်ပါဘ ဦးချက်အသစ်၊ ရှည်ရွယ်ချက်အသစ် ဘဝလမ်းကြောင်းအသစ်တွေနဲ့ အ‌ေ ကို လုပ်ဆောင်တတ်သူတွေပါ။

ဒီရာသီဖွားတွေဟာ စိတ်ဆန္ဒက ဦးဆောင်တဲ့ဘဝလမ်းကြောင်း မှာ သစ်လွင်တဲ့ရှင်သန်မှု ဇီဝဉ်ကို လွတ်လွတ်လပ်လပ် လွင့်မျောစေပြီး အဘ် အတား၊ အဆီးအတားမဲ့ အဆုံးအစမရှိတဲ့ နယ်ပယ်မှာ အထိန်းအကွပ်မဲ့ ။ လည်ကျက်စားတတ်တဲ့ လူမျိုးတွေဖြစ်တယ်။

ဒီရာသီဖွားတွေရဲ့ အဓိကအားနည်းချက်က စိတ်ခံစားချက်ကို အ‌ အမင်းဦးစားပေးတာပဲ။ စိတ်အတက်အကျမြန်ဆန်တယ်။ စိတ်တက်ကြွပြီဆို သူတစ်ပါးထက် ရှေ့ရောက်အောင် အလုပ်လုပ်တယ်။ ကိုယ့်ကိုယ်ကို ယုံကြ လွန်ကဲသွားတတ်တယ်။ အဲ့စိတ်ဓာတ်ကျပြီဆိုလည်း တခြားသူထက် ပိုပြီး‌ ယ်နေတတ်တယ်။ ပြောမယ်ဆိုရင်တော့ စိတ်အပြောင်းအလဲများသူတွေ ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ပေဒင်ဆရာက ကရကဋ်ရာသီအကြောင်း ရှည်ရှည်ဝေးဝေးပြောဆိုပြီးနောက် ...

"ခင်ဗျား ... ရှည်းစားဦးနဲ့ကွဲခဲ့ရဖူးမယ်"

ထိုစကားကြောင့် သူပြုံးချင်သလိုလို ဖြစ်သွားသည်။

"ဟုတ်ပါတယ်"

"ငွေရေးကြေးရေးနဲ့တော့ အဆင်ပြေပါတယ်၊ မရှိခဏဆိုတဲ့ သဘောမျိုးပါ ... အဲ ... ဒါပေမယ့်"

"ဒါပေမယ့် ... ဘာဖြစ်လဲဆရာ"

"မကြာခင် နှစ်အနည်းငယ်အတွင်းမှာ အမှုအခင်းနဲ့ကြုံလိမ့်မယ်"

"ဘယ်လို အမှုအခင်းလဲဆရာ"

"ရုံးပြင်ကနားရောက်တတ်တယ်၊ တစ်ခုတော့ရှိတယ်၊ ယတြာချေမယ်ဆိုရင်တော့ အမှုကြီးကြီးဖြစ်လာမှာ မဟုတ်ဘူး၊ ကိုယ့်ကိုယ်ကို ဆင်ခြင်မယ်ဆိုလည်း သက်သက်သာသာဖြစ်သွားမှာပါ"

"ဟုတ်ကဲ့ ... ဆရာ၊ ကျွန်တော် သတိထားပါ့မယ်"

"နောက်တစ်ချက် အခုရက်ပိုင်းအတွင်း ခရီးမထွက်ဖြစ်ရင် ပိုကောင်းမယ်"

"ဘာဖြစ်လို့လဲ ဆရာ ... မနက်ဖြန် ကျွန်တော်မွေးရပ်မြေကို သွားစရာရှိတယ်၊ အလည်အပတ်သက်သက်ပါပဲ"

ပေဒင်ဆရာက တားမြစ်လိုဟန်ရှိသော်လည်း သူ့စိတ်ဆန္ဒကို စောဒကတက်လိုသောကြောင့် ဘာမျှဆက်မပြောတော့ပေ။ သူပေဒင်ကြည့်ခြင်းပြီးဆုံးသွားသောအခါ ပေဒင်ဆရာအား နှုတ်ဆက်ထွက်လာခဲ့သည်။ သူ့စိတ်အခံကိုယ်





၌က အများတကာနှင့်ဆန့်ကျင်လုပ်ဆောင်တတ်သောကြောင့် ခရီးမထွက်ပါနှင့်ဟု ဆိုလာခြင်းအပေါ် ထွက်ဖြစ်အောင် ထွက်ရမည်ဟု စိတ်ထဲတွေးလိုက်သည်

* ❀ *



www.burmeseclassic.com

www.burmeseclassic.com

## အလည်တစ်ခေါက် အရောက်လာသူ

ရန်ကုန် ကားပေါ်မှ ဆင်းလာသူတစ်ဦးကို မျိုးကျော် မျက်မှောင်ကျုံ့ကြည့်မိသည်။ သူမျက်လုံးတွေက အဝေးကြည့် သိပ်မကောင်းချင်တော့။ သူသိခဲ့ဖူးသည့် လူရွယ်တစ်ယောက်ပဲဟုထင်သည်။ ခရီးဆောင်အိတ်ကိုလွယ်လျက် သူ့အနားရောက်လာတော့မှ ...

"ဟာ ... မင်းခ"

ထိုလူရွယ်ကလည်း ခေါ်လိုက်သူကို လှမ်းကြည့်ကာ ချက်ချင်းမှတ်မိသွားသည်။

"မျိုးကျော်"

တစ်ယောက်ကိုတစ်ယောက် ဖက်လှဲတကင်း နှုတ်ဆက်ဖြစ်ကြသည်။ သူတို့က ငယ်သူငယ်ချင်းတွေ။ ဆယ်တန်းအောင်ပြီးနောက် မင်းခတို့မိသားစု ရန်ကုန်ပြောင်းသွားကြသည်။ ပြောင်းခါစက တစ်နှစ်တစ်ခေါက်လောက် မင်းခရောက်ဖြစ်သေးသော်လည်း နောက်ပိုင်းတွင် မလာဖြစ်တော့။ ကျောင်းနေဖက်





...တ်၊ နောက် ... ဘွဲ့ယူ၊ သည်ကြားထဲ မလေးရှားထွက်သွားသေးသည်ဟု ...ရသည်။

ယင်းသို့ဖြင့် မဆုံဖြစ်တာ (၁၅)နှစ် နီးပါးလောက်ရှိမည်။

"တင်မိုးရော ..."

"ရှိပါ့ကွာ၊ ရှိပါ့ ... မနေ့ကတောင် မင်းအကြောင်းပြောဖြစ်ကြသေးတာ"

ကျောင်းတုန်းကဆို သူတို့သုံးယောက်က အတွဲဆုံး။ ဆယ်တန်းတွင်သာ သူတို့နှစ်ယောက် မအောင်ခဲ့ကြခြင်းဖြစ်သည်။

"မင်းဘုရားပွဲလာတာလား"

"ကိုယ့်မြို့ ကိုယ့်ရွာရဲ့ ဘုရားပွဲပဲကွာ၊ နောက်ပြီး ... မင်းတို့ကိုလည်း သတိရလို့၊ ဒါနဲ့ အိမ်ထောင်ကျပြီလား"

"တို့လို အပေအတေတွေကို ဘယ်မိန်းမမျိုးက ယူမှာလဲကွာ၊ သတိရလို့ ဝတ်မယ်မှန်းသိနေတယ်လေ၊ သိပ်ပါးတာ ... ဟား ... ဟား မင်းရော"

"ထူးမခြားနားပါဘဲ"

"ကောင်းတယ် ... အပူပင်မရှိတာ ကုသိုလ်တစ်မျိုးပဲ"

"မင်းရေးတဲ့ ဂမ္ဘီရဝတ္ထုတွေ မဂ္ဂဇင်းတွေမှာ ဖတ်ရတယ်"

"ကျိုးတိုးကျဲတဲပါကွာ၊ ဖြစ်ဖြစ်မြောက်မြောက် မဟုတ်သေးပါဘူး"

မင်းခ ဆွေမျိုးတွေက သည်မှာရှိသည်။ ရောက်ရောက်ချင်း နှုတ်ဆက်...ိုက်ချင်သေးသည်။ ထို့ကြောင့် ညနေစောင်းမှ သူငယ်ချင်းသုံးယောက်ဆုံကာ ...ကားတွေ အများကြီး ပြောကြမည်ဟုဆိုလျက် ထွက်သွားသည်။ သူလည်း ...မှာသည့် နန်းကြီးသုပ်ကိုဝယ်လျက် အိမ်သို့ပြန်လာခဲ့၏။ အပြန်လမ်းတွင်

www.burmeseclassic.com



သူတို့သူငယ်ချင်းသုံးယောက်၏ မတူညီသော စရိုက်တွေကို တွေးလာခဲ့၏။

မင်းခက ကြောင်တောင်တောင် ဂေါက်တောက်တောက်ကောင်။ သူ ထင်ရာစွတ်လုပ်တတ်သူ။ ရှေ့နောက် ဘယ်တော့မှမကြည့်။ အုံ့ညှိလောက်အောင် အကူအညီပေးတတ်သလို ဘာမဟုတ်တာလေးနှင့် နှမြောတွန့်တိုနေတတ်ပြန်သည်။ စာမတော်သော်လည်း တစ်နှစ်တစ်တန်းတော့ မှန်မှန်အောင်သည်။ ထို့ထက်မက ဆယ်တန်းကိုပင် တပိန့်ပိန့်တလိန့်လိန့်နှင့် အောင်သွားခြင်းအပေါ် သူတို့နှစ်ယောက်စလုံး အံ့အားသင့်ရသည်။

“ဒီကောင် ယကြတာတွေချော့ ဓာတ်ရိုက်ဆင်တွေလုပ်ပြီးအောင်တာ ဖြစ်ရမယ်”

“မင်းနှယ်ကွာ ... ပေါက်ပေါက်ရှာရှာ”

“သူ့ခေါင်းထဲမှာ စာတွေဘယ်လောက်ရှိတယ်ဆိုတာ တို့အသိဆုံးပဲကွ”

“စာမေးပွဲဆိုတာလည်း ဖြေတတ်မှ အောင်တာကွ”

သူတို့မှာသာ ကျောင်းတက်ရင်လည်း မအောင်၊ အပြင်ကဖြေသည်။ မအောင်သဖြင့် လေးနှစ်မြောက်ဖြေအပြီးတွင် အောင်မြင်စွာ လက်မှောက်အရှုံး ပေးခဲ့ကြခြင်းဖြစ်သည်။

တင်မိုးကတော့ အေးအေးဆေးဆေးနေတတ်သူဖြစ်သည်။ သူငယ်ချင်း များနှင့်အလိုက်သင့်နေတတ်သူ။ လောဘနှင့်ဒေါသနည်းသူ။ အေးသည်ဟု ယူဆ နိုင်သော်လည်း တစ်ခါတစ်ရံ အတည်ပေါက်နှင့် နောက်ပြောင်တတ်သူ။

သူကတော့ ခပ်သွက်သွက် စွယ်စုံမင်းသား။ မျိုးကျော်ဆိုလျှင် တစ်ရပ် ကွက်လုံးမသိသူမရှိ။ လူချစ်လူခင်ပေါသည်။ စာတွေပေတွေလည်း ဖတ်တော့ စကားလုံးကြွယ်ဝသူ။





ညနေစောင်းတော့ တင်မိုးနှင့်မျိုးကျော်က မင်းခ တည်းခိုရာအိမ်သို့ ...ခဲ့သည်။ ဦးဦးဖျားဖျား ဘုရားကြီးသို့ စက်ဘီးကိုယ်စီနှင့်သွားကာ ကန် ...ကြသည်။ ထိုနေ့က လဆန်း(၁၄)ရက်နေ့မို့ ညနေခင်းကတည်းက လူစည် ...သည်။

သူတို့ပွဲဈေးတန်းထဲ တစ်ပတ်ပတ်ကြသည်။ စားစရာ သောက်စရာတွေ ...သည်။ အဝတ်အစားရောင်းသည့်ဆိုင်တွေက မနည်း။ ဂုမ္ဘဏ်မှ လာရောင်း ...သည့် စားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်းဆိုင်တွေမှာ လူတွေ တိုးဝှေ့နေတာ ...သည်။ ဆောင်းဘောက်စ်မှ အပြိုင်အဆိုင် ဖွင့်နေကြသည့်သီချင်းသံတွေက ...ပြိုင်ဆိုင်ဆိုင်။

သူတို့ စိတ်တူကိုယ်တူ ဘီယာဆိုင်ထိုင်ဖြစ်ကြ၏။ သူ့အကြောင်း ကိုယ့် အကြောင်း ပြောကြတာတွေ စုံသည်။ (၁၅)နှစ်နီးပါးကာလအတွင်း အဖြစ်ပျက် ...တွေက များလှသည် မဟုတ်လား။ ဘီယာတွေ တစ်ဂျားပြီးတစ်ဂျား။

ယင်းသို့ဖြင့် ဘယ်လိုက ဘယ်လိုရောက်သွားသည်မသိ။ စကားလမ်း ကြောင်းက “ယောက်ျားမုန်းသော တစ္ဆေ” အကြောင်းဆီ ရောက်သွားသည်။

* ✌ *



www.burmeseclassic.com

www.burmeseclassic.com

## ယောက်ျားမုန်းတဲ့တစ္ဆေ

ထိုအကြောင်းအရာကို စတင်ပြောဆိုကြသော အချိန်တွင် မင်းခေ
ဘီယာတန်ခိုးကြောင့် ယစ်ဝေဝေပြုံစ ဖြစ်နေချိန်။ ပြောသူက မျိုးကျော်။

''ယောက်ျားမုန်းတဲ့တစ္ဆေဆိုတော့ အခြောက်လား''

''ဟော့ကောင်မရစ်နဲ့၊ အခြောက်မဟုတ်ဘူး ... မိန်းမတစ္ဆေမှာလည်း
အထီးနဲ့အစ်မရှိတယ်''

''မင်းဘယ်စာအုပ်တွေ ဖတ်ပြီး ပြောမလို့လဲ''

မင်းခေက ခနဲ့တဲ့တဲ့ ပြောသည်။ တင်မိုးကတော့ အေးအေးသက်သာ
ပင် နားထောင်နေသည်။

''ဘယ်စာအုပ်ထဲမှာမှ မဟုတ်ဘူး၊ တကယ့်ဖြစ်ရပ်မှန်၊ ငါတောင်
သူတို့အဖြစ်တွေကို လိုက်စုံစမ်းပြီး ဝတ္ထုရေးထားသေးတယ်၊ မိတ္တူကူးထားတာ
ရှိတယ်၊ နောက်တော့ မင်းဖတ်ကြည့် ... ဇာတ်စုံသိရလိမ့်မယ်၊ အခုပြောချင်
တာက ယောက်ျားမုန်းတဲ့တစ္ဆေ တကယ်ခြောက်တဲ့အိမ်ကြီး အကြောင်းပဲ''





''ဘယ်မှာလဲ''

''ဒီကနေ အရှေ့ဘက် ဆက်သွားရင် ပင်လယ်စပ်ရောက်တယ်ဆိုတာ
မင်းလည်း သိပြီးသား။ အဲဒီမှာရေဖော်ဆိုတဲ့ရွာရှိတယ်၊ တစ်ချိန်က တို့အဘိုးရဲ့
အဖေဟာ သူကြီးဖြစ်ခဲ့ဖူးတယ်၊ အဲဒီတုန်းက ကမ်းနဲ့ရွာဟာ တော်တော်ဝေးတာ
နားရောက်နေပြီ ... တချို့ပြောင်းတဲ့သူ ပြောင်းကုန်ကြပြီ၊ အဲဒီမှာ တို့အမျိုး
တွေက ခပ်များများ။ ခြောက်တာက အဲဒီအိမ်ကြီးမှာ ...''

''သရဲမက မင်းတို့နဲ့အမျိုးလား''

''မဟုတ်ဘူး ... တခြားမြို့မှာနေတာ၊ ဒီမှာလာပြီးသေတာ''

''ဘာလို့ သေတာလဲ''

''ကလေး မမွေးနိုင်လို့''

''ကလေးအဖေက''

''သူ့ဇာတ်လမ်းက နည်းနည်းရှုပ်တယ်၊ မင်း ငါ့စာမူကို ဖတ်ကြည့်ရင်
သိလိမ့်မယ်''

''အသက် ဘယ်လောက်ရှိပြီလဲ၊ ချောလား''

''တို့ဘွားလေး ပြောတာကတော့ ကိုယ်လုံးကိုယ်ပေါက် တောင့်မ
တောင့်တဲ့ မျက်နှာက အချောအလှကြီး မဟုတ်တောင် တော်တော်ချွဲဆောင်နိုင်
တဲ့ မိန်းမတဲ့၊ ဒါကြောင့် ယောက်ျားတွေနဲ့ ရှုပ်ရှုပ်ထွေးထွေးရှိခဲ့တာလို့ ပြော
တယ်၊ အသက်က (၃၅)နှစ်ထက် မပိုဘူး''

''ခြောက်တာ ဘယ်လိုခြောက်တာလဲ''

မျိုးကျော်က စကားကို ဆက်မပြောသေးဘဲ ဘီယာမော့လိုက်ပြီး
သည်။ ကြက်အကြွပ်ကြော်ကို ကိုက်ဖဲ့ဖြည်းရင်း လက်သုတ်လိုက်က ... ။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအမျိုးသမီး ကိုယ်ဝန်(၆)လလောက်ရောက်မှ အဲဒီရွာကို ရောက်လာတာ၊ ရွာခံတစ်ဦးရဲ့ အဆက်အသွယ်နဲ့ပဲ၊ ရွာရောက်တော့ လွတ်လွတ်လပ်လပ်နေချင်တယ်ဆိုတာနဲ့ အဲဒီအိမ်ကြီးကို ဈေးပေါပေါနဲ့ ငှားလိုက်တာ၊ ပြီးတော့ သူတစ်ယောက်တည်းပဲနေတယ်၊ အပြင်လည်းမထွက်ဘူး၊ အပေါ်ထပ်က အခန်းတစ်ခန်းမှာ သူနေတယ်၊ ရှေးက သစ်သားအိမ်ကြီးပေါ့ကွာ၊ မီးထွန်းတာ တစ်ခါမှ မမြင်ဖူးကြဘူး"

"ရှည်လိုက်တာကွာ၊ ငါက ဘယ်လိုခြောက်သလဲလို့ မေးနေတာ"

"စိတ်မလောနဲ့လေ၊ ဒီအမျိုးသမီး မွေးခါနီးတောင် အရမ်းသတ္တိကောင်းတာ၊ ဘယ်သူမှ အသိပေးတာ မဟုတ်ဘူး၊ ဗိုက်နာတာကို ကြိတ်ပြီးခံတယ်၊ တစ်ယောက်တည်း လူးလူးလိမ့်လိမ့်ကို ဖြစ်နေတာ၊ ကလေးအသေလေး မွေးလာတယ်၊ အဲဒီအချိန် ဒီမိန်းမ သတိလစ်သွားပြီ၊ အိမ်မှာ လက်တိုလက်တောင်းခိုင်းဖို့ ခေါ်ထားတဲ့ ကောင်မလေးတွေ့မှ ရွာကလူတွေပြေးခေါ်ရတာ ဟိုရောက်တော့ အသက်မရှိတော့ဘူး"

"ဘာလေးမွေးလဲ"

"ဘီလူးလေး"

"မဟုတ်တာကွာ၊ မျိုးရိုးဗီဇမမှန်လို့ ပုံသဏ္ဌာန်မမှန်တဲ့ သန္ဓေသားလေး မွေးတာပါ"

"ရွာကလူတွေပြောတာတော့ ဘီလူးမှဘီလူးအစစ်တဲ့၊ မျက်လုံးပြူးပြူး နှာတိုတို၊ ပါးစပ်ပြဲပြဲ၊ အစွယ်နှစ်ဖက်ကပြူးလို့တဲ့၊ အမွှေးအမျှင်တွေကပေါမှ ပေါတဲ့၊ ထားပါ ... ရွာကသည်မိန်းမကို မီးရှို့သင်္ဂြိုဟ်တာ တော်တော်နဲ့မလောင် ဘူးတဲ့"





"အဆီပြင်များလို့ နေမှာပါ"

"ဘယ်လိုခြောက်သလဲဆိုတော့ ကလေးငိုသံကြားရတယ်၊ အော်ဟစ်ညည်းတွားတဲ့ မိန်းမသံကို ကြားရတယ်၊ ရန်ဖြစ်ပြီး နဘမ်းလုံးထွေးသံတွေ ကြားရတယ်"

"ဒါပဲလား"

"အဆိုးဆုံးက သူ့အခန်းထဲက ခုတင်ပဲ၊ ညဘက်ဘယ်ယောက်ျားမှ အအိပ်မခံဘူး၊ အိပ်တာနဲ့ လည်မျိုကိုညှစ်တော့တာ၊ သွားအိပ်ခဲ့ဖူးတဲ့ ယောက်ျား နှစ်ယောက်ဟာ ဆက်မအိပ်ရဲတော့တဲ့ ထွက်ပြေးလာခဲ့ရတယ်၊ ဘာကြောလို့မလဲ နှစ်ပတ်လောက်ကြာတော့ ဘာရောဂါမှန်းမသိဘဲ သေပါလေရော"

"နှစ်ယောက်စလုံးလား"

"ဟုတ်တယ် ... နှစ်ယောက်စလုံး"

မင်းခ ဘီယာကို မော့လိုက်သည်။ အတန်ငယ် မူးနေတာတော့ သေချာပါသည်။

"ဟော့ကောင် ... ရရဲ့လား"

သူက လက်ကာပြသည်။ ပါးစပ်ကို တဖျပ်ဖျပ်လုပ်ရင်း ...

"ဒီမှာ မျိုးကျော် ... မင်းဟာလေ တကယ့်ငပေါ"

"ဘာရယ်"

ထင်မှတ်မထားသော စကားမို့ နည်းနည်းတော့ တွန့်သွားသည်။

"ဒီလို အင်တာနက်ခေတ်မှာတောင် ဒါတွေကို ယုံနေတာ သိပ်အောက်သွားပြီ"

"ဟော့ကောင် ... ဒါတွေက ကိုယ်မမြင်နိုင်တဲ့ အရာတွေကွ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို ကိုယ်မမြင်နိုင်တာတွေကို အဟုတ်ထင်နေတာကိုးက မင်း အမှား"

"မင်းခ မင်းကဘွဲ့ရထားတယ်ဆိုပြီး ပညာတတ်လေသံနဲ့မပြောနဲ့၊ ဒီလိုကိစ္စမျိုးတွေဟာ ဒီမှာတင်မဟုတ်ဘူး၊ နိုင်ငံပေါင်းစုံမှာရှိနေတယ်၊ ဒါ ... ခေတ်မီတိုးတက်ပါတယ်ဆိုတဲ့ နိုင်ငံတွေနော်၊ အတွေးအခေါ်မြင့်မားတဲ့ နိုင်ငံတွေ ... မင်း DVD တွေထဲမှာ မကြာခဏ ကြည့်ဖူးမှာပါ"

"ဒါတွေက ... ပိုက်ဆံသုံးလိုချင်တဲ့ စီးပွားရေးသမားတွေနဲ့ ရိုက်စားခွင်ပါ၊ ဒီမယ် ... မင်းကို ရှင်းရှင်းလေးပဲမေးမယ်၊ မင်းကိုယ်တိုင်ရော သရဲ ခြောက်ခံရဖူးလား"

မျိုးကျော် အနည်းငယ် ဆွံ့အသွားသည်။ နောက်မှ ...

"အေး ... ငါကိုယ်တိုင်တော့ တစ်ခါမှ မကြုံခဲ့ဖူးဘူး"

"ဒါပဲ ... အဲဒါပဲ၊ အဲဒါအဖြေပဲ၊ လူပြောသူပြော တစ်ဆင့်စကားတွေနဲ့ ထွေးလုံးရစ်ပတ်နေကြတာမဟုတ်လား၊ တကယ့်ကို ပေါချာချာကောင်တွေ"

"ဒါကို မင်းသဘောက"

"အယုံအကြည်လည်း မရှိဘူး၊ ကြောက်လည်းမကြောက်ဘူး"

မင်းခက လက်ညှိုးလေး ဖြောင်းခနဲ စားပွဲကို ခေါက်လိုက်ရင် ပြတ်ပြတ်သားသားပင်ဆိုလိုက်သည်။ မျိုးကျော်က ခပ်ထေ့ထေ့လေးကြည့်ရင်း ...

"ဒါဆို ... ငါစောစောက ပြောတာတွေ"

"မယုံဘူးကွာ ... မကြောက်ဘူးကွာ"

မျိုးကျော် ခေါင်းကိုအသာလေးညိတ်လျက် တင်မိုးကို လှမ်းကြည့်သည်။

"အင်တာနက် လူသားကြီးကတော့ မယုံဘူးတဲ့ ကိုယ့်လူ"





မင်းခကတော့ မထေမဲ့မြင် မျက်နှာပေးဖြင့် ဘီယာကို ဆက်သောက်နေသည်။ တစ်ခါတစ်ရံ လူတို့၏ ငုပ်လျှိုးနေသော မာနတရားတို့သည် ရုတ်တရက် ပေါ်လာတတ်သည်မှာ မဆန်းလှပါပေ။

"မင်းခ ... ငါ့ရွာကို အလည်လိုက်မလား"

"ဟိုအိမ်ကြီးဆီကိုလား"

"ဟုတ်တယ်"

"စမ်းသပ်ချင်တယ်ပေါ့"

"ဘာရယ်မဟုတ်ပါဘူး ... အတွေ့အကြုံသစ်တစ်ခု အနေနဲ့ပါ"

"ဘာကြေးလဲ"

ကြည့်၊ သူက စတင်ကြေးစကားတွေ ခေါ်လာလေပြီ၊ ဒါ ယင်ယင်တုန်းတတည်းက အကျင့်၊ ဘာလေးမဆို ခုလိုကြေးလေးခေါ်မှ နေသာထိုင်သာရှိသူ။ မျိုးကျော် ခဏအကြာ စဉ်းစားလိုက်ပြီး ...

"ဒီလိုလုပ်ကွာ ... မင်းအဲဒီအိမ်ကြီးရဲ့အခန်းထဲမှာ မိုးလင်းပေါက် နေနိုင်တယ်ဆိုရင် မင်းကြိုက်သလောက်သောက်စား၊ ONE TABLE ... အဲ နေနိုင်လို့ထွက်ပြေးလာရင်တော့ ... မင်းဒကာ"

"ဟား ... ဟား ... ဟား ..."

မင်းခ ဟားတိုက်ရယ်မောလိုက်သည်၊ သူ့ရယ်သံကြောင့် ဆေးကလူတွေ ပင် လှည့်ကြည့်ကြသည်။ သည်မှာက ကိုယ့်ပြဿနာနဲ့ကိုယ်။

"ဘာရယ်တာလဲ"

"အမောင့်က နည်းနေလို့"

"သူငယ်ချင်းတွေပဲ ဒီလောက်ပဲ ကောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ... မင်းသဘောပါပဲ"

"မင်းမှာ ... Note Book ပါလား"

"ဘာလုပ်မလို့လဲ"

"အမှတ်တရ လက်မှတ်လေး ထိုးခိုင်းမလို့"

သူက မှတ်စုစာအုပ်လေး ထုတ်ပေးသည်။ မျိုးကျော်က စာတန်းလေး တစ်ခုရေးသည်။

ကျွန်တော် ...

အယုံအကြည်မရှိပါ။ မကြောက်ပါ။

မင်းခ ...

"ဟော့ဒီမှာ မင်းလက်မှတ်ထိုး"

"ဘာကိုမကြောက်တာ ... မယုံကြည်တာဆိုတာလည်း ထည့်ရေးဦးမှပေါ့ ... "

"မလိုဘူး ... မင်းဒီစာတန်းလေးကိုတွေ့တိုင်း အလိုလိုသိနေရမယ်"

"သဘောပါပဲ"

သူက ပေါ့ပေါ့ပါးပါးပင် လက်မှတ်ရေးထိုးလိုက်၏။

"ဘယ်တော့သွားမလဲ"

"သဘက်ခါ"

ဇာတ်ရုံဘက်မှ လေနှင့်အတူ အသံတွေ လွင့်လာသည်။ ပြဇာတ်တွေကို နေသည်လားမသိ။ တိုက်တိုက်ဆိုင်ဆိုင် သရဲအသံတွေ ဖြစ်နေ၏။

"အူအူး ... ဝါးဝါး ... ဟီဟီ ... ဟူးဟူး"

* ✌ *



## ထထိန္နင့်သိတ္တာ

ညက အရိုန်များသွားသောကြောင့် အတော်နေမြင့်မှ မင်းခနိုးလာခဲ့သည်။ အဘိုးကလည်း သူ့ကိုမနှိုးခဲ့ပါ။ သူချက်ချင်း မထဖြစ်သေး။ ညက ကိစ္စအကြောင်းကို သူပြန်တွေးမိသည်။ အမှန်စင်စစ်တော့ ပြောမိပြောရာတွေ လျှောက်ပြောမိခြင်းသာ။ သူကိုယ်၌ကလည်း နာနာဘာဝနှင့်ပတ်သက်လာလျှင် ယုံသည် မယုံသည် မဝေခွဲတတ်။

သူမလေးရှားရောက်စဉ်က အဖြစ်ပျက်လေးတစ်ခုကို အမှတ်ရလိုက်သည်။ ချယ်နယ်လိုင်းတစ်ခုမှ ဆက်နေသော တစ္ဆေနှင့်တွေ့ဆုံခြင်း အခန်းတစ်ခန်းကို မကြာမကြာ သူကြည့်ရ၏။

ရိုက်ကူးရေးအဖွဲ့မှ စမ်းသပ်ခံလိုသည့် လူ(၄)ဦးလောက်ကို ရွေးထုတ်သည်။ ဆိုးဆိုးဝါးဝါး အခြောက်ကြမ်းသောနေရာကို ရွေးချယ်သည်။ ထိုတစ္ဆေ၏ ရာဇဝင်အကြောင်းကို ရှင်းပြသည်။ အဓိက နေရာများကို ကင်မရာတွေထောင်ထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ညအချိန်ရောက်ပြီ။ စမ်းသပ်ခံသူကို ခေါင်းဆောင်တစ်ယောက်က သူနေစေချင်သည့်နေရာကို လိုက်ပို့သည်။ ထိုနေရာတွင် မိနစ် ၃၀နေရမည်ထင်၏။ အကယ်၍ မနေရဲတော့လျှင် တပ်ဆင်ထားသော မိုက်ကရိုဖုန်းမှ လှမ်းအော်ရမည်။

ထိုအခါ သူတို့ရောက်လာကြသည်။ မနေ့ရဲသူကို ပြန်ခေါ်သွားကြမည်။ တချို့အချိန်ပြည့် နေသွားသူတွေရှိသည်။ အမှောင်ချထားပြီး စက္ကန့်သံ ဂျလောက် ဂျလောက်သာ ကြားနေရသည်မို့ TV ကြည့်နေသူတွေ အသည်းယားစရာဖြစ်နေ၏။

တစ်နေရာမှ မော်နီတာထိုင်ကြည့်နေသော ရိုက်ကူးရေးအဖွဲ့တွေရှိသည်။ ညကြည့်မြင် မှန်ဘီလူးကို တပ်ဆင်ထားသောကြောင့်လားမသိ။ အတွင်းမှ ရှိနေသူကို ဝိုးတဝါး မြင်ရသည်။ တစ်ခါတစ်ရံ ဖြူဖြူအရိပ်သဏ္ဌာန်တွေ တွေ့ရသည်။ ထိုအစီအစဉ်ကို မလေး ပရိတ်သတ်က သဘောကျကြသည်။ ဝိညာဉ်တွေ့ရခြင်းမှာ ကွန်ပျူတာနှင့် ဖန်တီးထားသည်ဟုတ်မဟုတ် မသိရသော်လည်း သည်းထိတ်ရင်ဖို ကြည့်လို့ကောင်းသည်။

မင်းခ မိတ်ဆွေမှာ ထိုရိုက်ကူးရေးအဖွဲ့နှင့် ရင်းနှီးသည်။ သူက ထိုသို့ ရိုက်ကူးခြင်းတွေအပေါ် သံသယဖြစ်မိကြောင်းပြောသည့်အခါ _

"ဒါဆို ... အဲဒီအစီအစဉ်မှာ မင်းပါကြည့်ပါလား၊ မင်းလည်း မလေးလို ပြောတတ်နေတာပဲ"

သူကိုယ်၌က ယင်းသို့ကြောင်တောင်တောင် အလုပ်များကို စိတ်ဝင်စားတတ်သူ။ နောက် _ မလေးစကားကို ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်သူ။

"တကယ်ပြောတာလား"





"ရှုတို့က မယုံကြည်သူတွေကို အမြဲကြိုဆိုနေတာကွ"

သူတို့ဆီတွင် စုန်းတွေ နတ်တွေ ကဝေတွေကို ယုံကြည်သူတော်တော်များသည်။ ပညာတတ် စီးပွားရေး သမားတချို့ပင် ကိုးကွယ်ကြတာ သူ့မျက်မြင်ပင်။ ယင်းသို့ဖြင့် သူသဘောတူလိုက်သည်။

မိတ်ဆွေက ရိုက်ကူးရေးအဖွဲ့ခေါင်းဆောင်နှင့် မိတ်ဆက်ပေးသည်။ သူတိုးဆံပင်၊ ထောင်ထောင်မောင်းမောင်းနှင့် ဥပဓိရုပ်သန့်သူဖြစ်သည်။ သူ့ကို ရိုက်ကူးမယ့်နေရာ တခြားအမျိုးသမီး နှစ်ယောက်နှင့် အမျိုးသားတစ်ယောက် ပါဝင်သေးသည်။

တိုက်ပျက်ကြီးတစ်လုံးဖြစ်သည်။ လူလည်း မနေရဲ၊ အရောင်းအဝယ်သည်း ခက်ခဲနေသည့် တိုက်အိုကြီး။ ယင်း၏ တစ်ခုသော အခန်းတစ်ခန်းထဲတွင် ဓားပြတစ်ဦးက ပစ္စည်းများကို တိုက်ယူကာ လင်မယားနှစ်ယောက်နှင့် သမီးလေးတစ်ယောက်ကို သတ်သွားသည်ဟု အစီစဉ်တင်ဆက်သူက ရှင်းပြသည်။ ခြောက်သည့်အခါ လင်မယားနှစ်ယောက်၏ ဝိညာဉ်တွေက ပိန်လိုက်ဖောင်းလိုက် ရှည်မြောမြော ဖြစ်သွားလိုက်၊ နားရွက်တွေ ကားထွက်လာလိုက်၊ လျှာတွေရှည်ထွက်လာလိုက်၊ ကြမ်းပြင်ပေါ် သွေးတွေ စီးကျလာလိုက်၊ စသည်ဖြင့် အပြောကောင်းကောင်းနှင့်ပြောသည်။

ယင်းသို့ဖြင့် ပထမဦးဆုံး သူ့ကို အခန်းအတွင်းတွင် ထားသွားခဲ့ခြင်းဖြစ်၏။ သူတို့ထွက်သွားကြပြီ။ အမှောင်ချထားခဲ့ပြီ။ အပြင်မှ သူတို့မော်နီတာမှ တစ်ဆင့် စောင့်ကြည့်နေမှာကို သိသည်။ မနေရဲတော့လျှင် လှမ်းအော်လိုက်ရုံပင်။

TV အစီစဉ်တွင် ကြည့်နေစဉ်က သည်လောက် မဟုတ်သေးသည်း



www.burmeseclassic.com

www.burmeseclassic.com



တကယ်ကိုယ်တိုင်ကိုယ်ကျ ပါဝင်သူဖြစ်လာသောအခါ အတော်ပင် ရင်ဖိုစရာကောင်းပါသည်။ အကြောက်တရားက စိတ်ကိုလှည့်စားကာ ပို၍ ချောက်ချားလှသည်ဟု ထင်သည်။

နားထဲတွင် ဖိနပ်ရှပ်တိုက်သံလိုလို ...

အနားသို့ ပူနွေးနွေးအရာတစ်ခုရောက်လာသလိုလို ...

ဆံပင်တွေကို တစ်စုံတရာက မထိတထိ တို့ပုတ်လိုက်သလိုလို တိတ်ဆိတ်ခြင်းသည် အဆိုးဝါးဆုံးအခြေအနေတစ်ရပ်ဖြစ်ကြောင်းကိုတော့ သူ ကောင်းစွာ လက်ခံလိုက်ပါ၏။

မိနစ်တွေဆင့်ကာ ဆင့်ကာ ပြောင်းနေသည်။

စိတ်ထဲတွင်တော့ လင်မယားနှစ်ယောက်စလုံး သူ့အနားသို့ရောက်နေပြီဟု ယုံကြည်လိုက်၏။ အသက်ရှူလို့ မဝချင်တော့။ ကြမ်းပြင်ပေါ်သို့လည်း သွေးတွေ စီးကျလာပေပြီ။

သူမနေရဲတော့ပါ။ လှမ်းအော်လိုက်သည်။ မီးတွေပွင့်လာကာ သူတို့ရောက်လာကြသည်။ ခေါင်းထဲတွင်လည်း မူးနောက်နောက်ဖြစ်လာသည်။ တကယ်တန်းတွင် ကြမ်းပြင်ပေါ် သွေးများစီးလာခြင်းမဟုတ်ဘဲ၊ သူကိုယ်တိုင်ထွက်ကျသော ကျင်ငယ်များသာဖြစ်ကြောင်း သိလိုက်ရ၏။ သူတို့အကြောင်းအရာများကို တွေးမိတိုင်းရှက်ရသည်။ တော်ပါသေးသည်။ ကိုယ့်ဆီမှာမဟုတ်သောကြောင့်

ယခုလည်း ... ကြည့်ဦး။

မူးမူးနှင့်စိမ်ခေါ်လိုက်ပြန်ပြီ။ ဒါ ဖြစ်သင့်သောကိစ္စပါလား။ ဘာကြောင့်များ သူကပင် စတင်ကာ မျိုးကျော်ကို ရှုပ်ချခဲ့ရပါသလဲ။ သက်သက်နိုင်ထက် စီးနင်းဆန်သောစကား။ အပေါ်စီးနိုင်သော စကား။





မိမိကိုယ်မိမိ ခေတ်ပညာတတ်ဟု သဘောထားကာ ပညာတစ်ပိုင်း ...သောရှိခဲ့သော သူငယ်ချင်းအပေါ် မသိစိတ်က ချိုးနှိမ်ချင်တာလား။

"ဟူး ... မှားသွားပြီကွာ"

သို့သော် သူမှားကြောင်းကိုတော့ ဝန်မခံလိုပါ။ မတောင်းပန်ချင်ပါ။ ...အက်ကျမခံလိုပါ။ ဒါ ... သူ့စိတ်သဘာဝပင်။ တစ်ခါက သူအခြောက်ခံခဲ့...ခြင်းမဟုတ်၊ စိတ်တွင်ဖြစ်ပေါ်လာသော ကြောက်စိတ်တွေကြောင့် ထင်ယောင်...မှားဖြစ်ခဲ့ရခြင်းဖြစ်၏။ ယခုတစ်ကြိမ်တွင် စိတ်ကိုအကောင်းဆုံး ထိန်းနိုင်...တာ ... ။

ဟုတ်သည်။

ကိုယ့်စိတ်ကိုယ်နိုင်လျှင် ကိစ္စမရှိ။ နောက်ဆုံး အိပ်ဆေးသောက်၍ ...သည်။ ကတိနှင့်သိက္ခာကိုတော့ အပွန်းအပဲ့မခံနိုင်။ လောင်းကြေးကို အဆုံး...။ ယောကျ်ားမာနကတော့ ထားကိုထားရမည်။

သူ အိပ်ရာမှထ,လိုက်သည်။ မျက်နှာသစ်ရန်အထွက်တွင် အဘိုးက ...ကြမ်းသောက်နေတာတွေ့သည်။

"မင်း ... နိုးလာပြီလား"

"ဟုတ်ကဲ့ ... အဘိုး"

"စောစောကတောင် မင်းသူငယ်ချင်းနှစ်ယောက် လာသွားသေးတယ်၊ ...အိပ်နေတာ မနိုးချင်တာနဲ့ သူတို့လက်ဖက်ရည်ဆိုင်မှာ စောင့်နေမယ်လို့မှာ...တယ်"

"ဪ"

"နို့ ... နေပါဦး မင်းတို့မနက်ဖြန် ရေတော်ရွာကို သွားလည်မယ့်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... အဘိုး"

"ကောင်းကောင်းသွားနော်"

"ဘာကိုပြောတာလဲ ... အဘိုး"

"ရေတော်ရောက်ရင် ... ပင်လယ်ကမ်းပါးစပ်က သူကြီးအိမ်မှာ သွားမအိပ်ကြနဲ့"

"ဘာဖြစ်လို့လဲ ... အဘိုး"

"ယောက်ျားတွေကို မုန်းတဲ့တစ္ဆေမက အရမ်းကြမ်းတာ"

"အဘက ... အဲဒါတွေ ယုံလို့လား"

"တောသူတောင်သားတွေကွ ... ဒါမျိုးတွေက မဆန်းဘူး၊ ကံနိမ့်ရင် ခံရပြီသာမှတ်၊ နတ်နဲ့နဂါး မလှည့်စားနဲ့ဆိုသလို တမလွန်ဘဝက မကျွတ်မလွတ် သေးတဲ့လူတွေကိုလည်း လျော့မတွက်နဲ့"

အဘိုးစကားကြောင့် သူ ... ခပ်တွေတွေလေး ဖြစ်သွားရ၏။

✲ ✌ ✲



## ရေတော်ရွာသို့ ခရီးထွက်ခြင်း

ခရီးသည်တွေကို တင်ဆောင်လာသည့် မော်တော်မှာ ရေလှိုင်းပြင်ကို ခွဲလျက် ချောင်းရိုးအတိုင်း ရှပ်တိုက်ပြေးနေသည်။ ခရီးသည်တွေနှင့်အတူ မော်တော်ထိပ်ဦးမှ မင်းခ၊ မျိုးကျော်နှင့်တင်မိုးတို့ လိုက်ပါလာခဲ့ကြသည်။ ကျန်ခရီးသည်တွေမှာ ပွဲပြန်တွေများသည်။ တောခင်လေ့ရှာလေ့အတိုင်း ပွင့်ပွင့်လင်းလင်း ပြောတတ်သူများပီပီ ညကကြည့်ခဲ့ရသော ဇာတ်ပွဲတွေ အကြောင်းကို အော်ကျယ်အော်ကျယ်နှင့်ပြောလာကြတာ မော်တော်စက်သံ ကိုပင် ဖုံးသည်။

ဘယ်မင်းသားလေးကဘယ်လို၊ စတိတ်ရှိုးက ကောင်းမှကောင်း၊ နှစ်ပါးသွင်မှ လူပျက်ဘယ်လိုရယ်ရကြောင်း၊ ပြဇာတ်က ဇာတ်သိမ်းပိုင်းညံ့ကြောင်း တစ်ယောက်တစ်မျိုးစီ ပြောလာကြသည်။ နောက်ပိုင်းဇာတ်တော်ကြီးတော့ပါမှ နေပါ။

မင်းခ သည်လို စက်လှေမစီးရတာကြာပြီ။ ချောင်းက သိပ်အကျယ်ကြီးမဟုတ်။ မြက်ရှည်ပင်တွေ ကိုင်းပင်တွေ ကြားကဖြတ်နေခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြာလဲ့လဲ့ပေဒါတွေကို တွေ့ရတာ ချစ်စရာကောင်းသည်။ ကွင်းပြင်ထဲအရောက်တွင် ခြေတံရှည် ဗျိုင်းတချို့ တွေ့ရသည်။ ဘုတ်ငှက်တွေကို တွေ့ရသည်။ လယ်စောင့်တဲလေးတွေကို တွေ့ရသည်။ ပြီးတော့ ရွာစဉ်တွေကို ဖြတ်သည်။

အမှန်မှာ ရေလမ်းခရီးသာမဟုတ်။ ကုန်းလမ်းခရီးလမ်းရှိပါသည်။ အများစုမှာ လမ်းကြမ်းသော ကားလမ်းမှ မသွားချင်ကြဘဲ ရေလမ်းမှ မော်တော်ဖြင့်သာ သွားကြသည်။

"ရော့ ... အဲဒီမိန်းမနဲ့ပတ်သက်ပြီး ငါရေးထားတဲ့ဖြစ်ရပ်မှန် မှတ်တမ်း၊ ဝတ္ထုလို့ပြောရင်လည်းရတယ်"

မျိုးကျော်က A4 ဆိုက်ဖြင့် မိတ္တူကူးကာ စာအုပ်သဖွယ် ချုပ်ထားသော စာမူကို လှမ်းပေးသည်။ သူက မျက်နှာဖုံးမှ ခေါင်းစီးကိုကြည့်သည်။

"ယောက်ျားတွေကို မုန်းတဲ့တစ္ဆေ"

မင်းခ ဟိုလှန်သည်လှန်လုပ်သည်။ ကွန်ပျူတာနှင့်စာစီထားသည်မို့ ဖတ်ရန် အခက်ခဲမရှိ။ သို့သော် ယခုလို အချိန်မျိုးတွင် သူဖတ်ချင်စိတ် မရှိသေးပါ။ ပတ်ဝန်းကျင်၏ သဘာဝအလှတရားကို ငေးမောချင်သေးသည်။ ခံစားချင်သေးသည်။ ထို့ကြောင့် သူလွယ်ထားသော ကျောပိုးအိတ်ထဲ ထည့်လိုက်၏။

"ဖြည်းဖြည်းမှ ဖတ်မယ်ကွာ"

"ဘယ်အချိန်ဖတ်ဖတ် ကိစ္စမရှိဘူး၊ မင်းကိုအပိုင်ပေးလိုက်တာ"

မင်းခ ဒေါ်ဘိသို့ ဆက်လက်ငေးမောလာခဲ့သည်။ ကောင်းကင်ပြာကြီး အောက်တွင် တိမ်ဖြူဖြူတွေ လွင့်မျောနေကြပုံမှာ ကဗျာဆန်လှ၏။ သည်ကြားထဲ အမြန်တော်ပျံလွှားငှက်တွေကြောင့် ပို၍ကြည့်ကောင်းနေသည်။ ချောင်းထဲတွင် ရေကနည်းနည်းသာရှိသည်။





မော်တော်တစ်နာရီကျော်ကျော်လောက် မောင်းပြီးချိန်တွင် ရေတော်ရွာကိုဆိုက်ရောက်သည်။ ရွာလေးမှာ တကယ့်ဖရိုဖရဲလေး။ အိမ်ကြီးအိမ်ကောင်းတွေကမရှိသလောက်။ လာမည့်မိုးရာသီကမ်းပြိုမှာ စိုးသောကြောင့် တချို့ပြောင်းရွှေ့သူတွေ ပြောင်းရွှေ့သွားကြပြီ။

ရွာထဲမှ ပေပေတူးတူးကလေးတွေက ထွက်ကြည့်ကြသည်။

"ဟိုမှာ မြင်နေရတာ ကားလမ်း။ တောလမ်းဆိုတော့ အရမ်းကြမ်းတယ်၊ ကားကလည်း ခပ်စုတ်စုတ်ပါ၊ လူကတော့ သိပ်မလိုက်ကြဘူး၊ ကုန်တင်တာများတယ်၊ မနက်ဝေလီဝေလင်း (၅)နာရီလောက်ဆို ထွက်ပြီ"

သူတို့ရွာထဲသို့ ဝင်လာခဲ့ကြသည်။

"ဘုန်းကြီးကျောင်း အရင်ဝင်ပြီး ဦးတိုက်ရအောင်"

ဘုန်းကြီးကျောင်းဝင်းအတွင်း အရိပ်ကောင်းသစ်ပင်တွေက ဝေဝေစီစီမို့ အေးချမ်းလှပါ၏။ ကျောင်းထဲတွင် သီတင်းသုံးနေသော ရဟန်းများများစားစားရှိဟန်မတူ။ ဆရာတော်က သူ့ကိုမြင်သည်နှင့်။

"လာဟေ့ _ မျိုးကျော်၊ မင်းလာတာနဲ့အတော်ပဲ၊ မင်းကိုမျှော်နေတာ"

သူတို့သုံးဦးစလုံး ဆရာတော်ကို ဦးခိုက်ရှိခိုးလိုက်၏။

"ဒါ _ တပည့်တော်ရဲ့သူငယ်ချင်း၊ တစ်မြို့ထဲသားတွေ၊ ပြီးတော့မှ ရန်ကုန်ပြောင်းသွားတာ၊ အခုအလည်ပြန်လာရင်း ရေတော်ကို ရောက်ဖူးချင်တာနဲ့ခေါ်လာတာ"

"မျိုးကျော်လို စာပေသမားပဲလား"

"တပည့်တော် ဘာစာမှမရေးတတ်ပါဘူး ... ဘုရား"

မင်းခက ခပ်သွက်သွက်ပင် ဝင်ဖြေသည်။ သို့သော် သူ့သူငယ်ချင်းကို



www.burmeseclassic.com

www.burmeseclassic.com



တော့ မျိုးကျော် ဂုဏ်မြင့်ချင်ပါသေးသည်။

"သူက ဘွဲ့ရပြီးပါပြီဘုရား — နောက်ပြီး နိုင်ငံခြားမှာ အလုပ်လုပ်ပြီး ပြန်လာသူပါ"

"အိမ်း — ကောင်းပါတယ်၊ အခုလို လူငယ်တွေ သွက်သွက်လက်လက် ထက်ထက်မြက်မြက်ရှိတာကို ဘုန်းကြီးအားကျတယ်ဟေ့"

ဆရာတော်က စာပေဝါသနာပါသူ။ တစ်ချိန်က သည်ကျောင်းတွင် ကျောင်းထိုင်သွားသော ဆရာတော်တစ်ပါးရှိသည်။ စာပေကျမ်းဂန်များကို တတ်ကျွမ်းသည့်အပြင် အကျင့်သီလနှင့်ပြည့်စုံသောကြောင့် ရွာနီးချုပ်စပ်တွေက အလွန်ကြည်ညိုကြသည်။ ထိုအခါက ရေတော်ဘုန်းကြီးကျောင်းမှာ အထူးထင်ရှားခဲ့ဖူးသည်။ ပျံလွန်တော်မူသည့်အခါ ကြက်ပျံမကျစည်ကားခဲ့၏။

ယခု ဆရာတော်က ထိုဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိကို ရေးနေသူဖြစ်၏။ ဆရာတော်ကြီး၏ ငယ်စဉ်ဘဝ၊ ကိုရင်ဝတ်ခဲ့သည့်ကာလမှစတင်ကာ ပျံလွန်တော်မူချိန်အထိ အခန်းများခွဲကာ ရေးနေခြင်းဖြစ်သည်။

မျိုးကျော်ရောက်လာသည့်အခါ ရေးလက်စတချို့ကို အတင်းဖတ်ခိုင်းနေလေ၏။ ရေးထားသော စာမူဖိုင်တွေကို ဘုတ်ခနဲချကာ စကားပြေအရေးအသားတွေကို သုံးသပ်ခိုင်းနေတော့၏။ ကျောင်းမှာရှိသော စားစရာမုန့်သမျှ ကပ္ပိယကိုချခိုင်းသည်။

"ဟော့ကောင်တွေ ဘာမှအားနာစရာမလိုဘူး — စားကြ၊ ရှက်တတ်ရင် ငတ်တာသာ အဖတ်တင်မယ်"

သူတို့သာသာနှင့်စားကြသည်။ ဘုန်းကြီးက ပွင့်ပွင့်လင်းလင်းမို့ မျက်နှာမပူရပါ။ မျိုးကျော် စာမူဖတ်နေခိုက် မင်းခ ပျင်းနေမည်စိုးသောကြောင့် တင်မိုး





အား ရွာထဲနှင့်ပင်လယ်ကို လိုက်ပြရန် ပြောလိုက်၏။ ထို့ကြောင့် သူတို့နှစ်ယောက် ရွာထဲသို့ ထွက်လာခဲ့သည်။

"ရွာထဲမှာ လူသိပ်မရှိသလိုပဲနော်"

"နေ့လည်ပိုင်းတော့ ဒီလိုပဲ ... တချို့က ငါးရှာထွက်၊ တချို့က ခြံပဲနှတ်၊ တချို့က ဖရဲခင်းထဲမှာ"

"ဒီဘက်က ဖရဲသီးကတော့ နာမည်ကြီးပဲ"

တင်မိုးက ခပ်လှမ်းလှမ်း တစ်နေရာသို့ လက်ညှိုးညွှန်ပြသည်။

"သူ့ကြီးအိမ်ဆိုတာ ဟိုအိမ်ပဲ"

ရွာအိမ်တွေနှင့် အတန်ငယ်လှမ်းသည်။ ခြံထဲတွင် သရက်ပင်တချို့၊ ကုက္ကိုပင်တချို့ သပြေပင်တချို့ကို တွေ့ရသည်။ ခုံနွယ်တွေကလည်း ပေါသည်

"အဲဒီကို ခဏသွားကြည့်ရအောင်"

"ခဏမဟုတ်ဘူး ... မင်းတစ်ညလုံး အိပ်ရမှာ"

တင်မိုးက ခပ်ထေ့ထေ့လေးဆိုသည်။ ခြံတံခါးက စေ့ရုံသာစေ့ထားသည်။ အိမ်ကြီးမှာ အတော်ပင် ယိုယွင်းနေလေပြီ။ နှစ်ထပ်အိမ်ဖြစ်လျက် ရေနံချေးများဝကာ အဆောင်ဆောင် အခန်းခန်းတွေနှင့်ဖြစ်သည်။ လသာဆောင် လက်တန်းတွေက မရှိတော့။ ပြတင်းပေါက်တော်တော်များများ ကျိုးပဲ့နေပြီ။ တံခါးမကြီးမှာ ယခင်ကတည်းက အခိုင်အမာရှိခဲ့လို့လားမသိ။ ပျက်စီးမှုသိပ်မရှိ။ သော့ခလောက်ကြီးကြီးတစ်လုံး ခတ်ထားတာတွေ့သည်။

"သော့ကရော"

"မျိုးကျော်ရဲ့ ဆွေမျိုးတစ်ယောက်ဆီမှာ"

သူတို့အိမ်ကြီးကို တစ်ပတ်ပတ်ကြည့်သည်။ သူ့ကြီးခေတ်ကောင်းခဲ့



www.burmeseclassic.com

www.burmeseclassic.com



က ငွေကုန်ကြေးကျခံကာ ထည်ထည်ဝါဝါဆောက်ခဲ့ပုံပေါ်သည်။ ခုတော့ သခင်၏ သဘောတရားကို မလွန်ဆန်နိုင်ပြီမို့ အကျည်းတန်သော အိမ်ကြီးတစ်ဆောင် ဖြစ်နေချေပြီ။ မင်းခစိတ်ထဲတွင် အိမ်မည်းကြီးဆီမှ ဖွယ်တယ်တယ် အနံ့အသက် တစ်မျိုးကိုရနေသည်ဟု ခံစားလိုက်ရ၏။

"ပင်လယ်ဘက် သွားရအောင်"

ထိုအိမ်ကြီးမှာ ပင်လယ်နှင့်သိပ်မဝေးတော့ပါ။ ပင်လယ်ဆိုသော်လည်း ပင်လယ်စစ်စစ်ကိုတော့ အဝေးမှာသာ မြင်ရသည်။ ကွေ့ကာဝိုက်ကာ တိုက်စားလာသောကြောင့် သူတို့ဆီတွင် ဟိုက်၍သောင်ထွန်းနေသည်။ သောင်ပြင်ပေါ်တွင် ဂဏန်းတွေ ကားတား ကားတား သွားနေတာ မြင်ရသည်။

"သောင်ပြင်ပေါ် ဆင်းရအောင်"

"မလုပ်နဲ့ ... မကြာခင် ဒီရေတက်တော့မှာ"

မင်းခ ဒီရေတက်တာ တစ်ခါမှ မမြင်ဘူးပါ။ ထို့ကြောင့် စိတ်ရှည်လက်ရှည်စောင့်ကြည့်နေခဲ့သည်။

လာပါချေပြီ။

တလိမ့်လိမ့်တက်လာသော လှိုင်းလုံးတွေ။ တစ်လုံးပြီးတစ်လုံး ကြည့်၍ပင် ကောင်းသေးတော့၏။ ဓာတ္တီပါ ကားလိပ်ကြီးချလာသလိုမျိုးပင်။ တင်မိုးပြောတာ မှန်သည်။ သောင်းထဲဆင်းလျှောက်၍ ခပ်ဝေးဝေးသာရောက်နေလျှင် ဘယ်လိုမှ မလွတ်နိုင်။ ချက်ချင်းဆိုသလိုမျိုး ရေတွေက ပြည့်တက်လာသည်။ ရေအတက်က ကြမ်းသည်။ မိနစ်ပိုင်းလောက်အတွင်း ရေတွေက အိမ်နှစ်လုံးစာမက မြင့်တက်လာ၏။ ထိုအခါမှ စာတွေထဲတွင် ဖတ်ဖူးသော ပင်လယ်၏ မာယာကို သဘောပေါက်တော့သည်။

ရှိရင့်အောင်စာပေ



ညနေပိုင်းတွင် မိုးကျော်၏ ဆွေမျိုးတစ်ဦးထံတွင် ထမင်းစားကြသည်။ သဘောကောင်းသလို ကြက်ကို ကာလသားဟင်းချက်ကာ မျှင်ငပိထောင်း၊ သီးအစိမ်းသုတ် တို့ကြောင့် အလွန်ပင် ထမင်းမြိန်ခဲ့ကြပါသည်။

ထမင်းစားပြီးသည့်နောက် သူတို့သုံးယောက် အိမ်မည်းကြီးဆီသို့ထွက်လာခဲ့ကြသည်။ အိမ်ကြီးနှင့်တစ်ခေါ်လောက်တွင် ဝါးတဲလေးတစ်လုံးရှိသည်။ လူမနေပါ။

"ဒီတဲမှာ ငါတို့နှစ်ယောက်အိပ်မယ်၊ မင်း ... ဟိုအိမ်မှာ အိပ်လို့အဆင်မပြေရင် ငါတို့ဆီလာခဲ့"

"ဘယ်တော့မှ မလာဘူး"

"ကြိုက်သွားပြီ ... ကြိုက်သွားပြီ"

သူတို့အိမ်ကြီးဆီသို့ ဆက်လျှောက်သည်။ သော့ခလောက်ကိုဖွင့်ကာ အတွင်းသို့ဝင်သည်။ ပရိဘောဂများများစားစားမရှိပါ။ ကျိုးပဲ့နေသော ကုလားထိုင်နှစ်လုံးနှင့် ယိုင်နဲ့နေသော စားပွဲတစ်လုံးသာ ဧည့်ခန်းတွင်ရှိသည်။ ဖုန်တွေတက်နေသည်က တလိပ်လိပ်။ အခန်းထောင့်တွင် ပင့်ကူမျှင်တွေက တိုးလို့တွဲလောင်း။

"ငါ့ဘကြီး သူကြီးက သူ့မသေခင် မိန်းမ(၃)ယောက် ယူခဲ့ဘယ်၊ ဒီအိမ်မှာ အတူတူထားတာ၊ ဒါကြောင့် အောက်မှာ အခန်းတွေဖွဲ့ထားတာကြည့်၊ တဲ ... အပေါ်တက်ရအောင်"

အပေါ်တက်သည့် လှေကားက အကြီးကြီး။ ထို့အပြင် ကျွန်းတွေနှင့် လုပ်ထားသည်မို့ အခိုင်အမာပင်ရှိပါသေးသည်။ လက်ယမ်းတွင် တပ်ဆင်ထားသော ပန်းပွတ်လုံးကြီးတွေက ခန့်ညားလှပါသည်။

ရှိရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ရောက်တော့ ဘုရားခန်းရှိသည်။ လသာဆောင်ကပင် နှစ်ခု၊ ခန်းမကျယ်တစ်ခုလည်း ရှိပါသေး၏။

"ဟို … မိန်းမအိပ်တာ … ဒီအခန်း"

မင်းခ အခန်းထဲဝင်ကြည့်သည်။ နှစ်ယောက်အိပ်ခုတင်တစ်လုံး။ မွေ့ယာခင်းကာ ခေါင်းအုံးနှစ်လုံး။ ခြင်ထောင်တော့မရှိပါ။ ခုတင်က အခန်း၏ အလယ်တည့်တည့်တွင်ရှိသည်။ ဘယ်ဘက်တွင် ရေးဟောင်းမှန်တင်ခုံကြီးရှိသည်။ ပစ္စည်းကတော့ ဘာမှမရှိ။ ပြတင်းပေါက်မှကြည့်လျှင် ပင်လယ်ကို အတိုင်းသား မြင်နိုင်၏။

"ကဲ … ဘယ်လိုလဲ အဆင်ပြေပုံမလား"

"ဘာလို့ အဆင်မပြေရမှာလဲ"

ယခုထက်တိုင် မာနတရားက မချုပ်သေးပါ။ တကယ်ဆိုလျှင် သည်အိမ်ကြီး၏ အနေအထားက ကြက်သီးထ,စရာကောင်းလှပါသည်။ ဟိုမိန်းမ တစ်ယောက်တည်း နေသွားသည်ကိုလည်း အံ့သြ၍မဆုံး။ အာဂမိန်းမဟုပင် ချီးမွမ်းရမလို ဖြစ်နေသည်။

"အဲဒီမိန်းမ ကလေးမွေးပြီး သေသွားတာ … ဒီနေရာ"

မျိုးကျော် လက်ညှိုးညွှန်ပြရာကိုကြည့်တော့ ညိုညိုညစ်ညစ်အကွက် တွေ တွေ့သည်။ အသက်ထွက်အောင်ပင် ဝေဒနာခံစား ရှုန်းကန်သွားသော ပုံရိပ်ကို စိတ်ကူးဖြင့် ပုံဖော်ကြည့်မိသည်။ ပြီးတော့ … ကြောက်စရာကောင်းလောက်အောင် ထွက်လာသည့်ကလေး။

"ဒီမိန်းမဆုံးတော့မှ အမူတစ်ခုက ပေါ်လာတယ်၊ သူဟာ ယောကျ်ား တစ်ယောက်ကိုသတ်ပြီး ဒီမှာလာရှောင်နေတာ"





"ယောကျ်ားတွေကို အဲဒီလောက်ထိ မုန်းတာပေါ့"

"ငါ့စာမူကို ဖတ်ကြည့်ရင် အပြည့်အစုံသိပါလိမ့်မယ်"

ထိုအချိန်တွင် နေလုံးမှာ ကွယ်ပျောက်သွားလေပြီ။ မျိုးကျော်နှင့်တင်မိုးက မင်းခ အိပ်ရမည့် မွေ့ယာကိုဝိုင်း၍ သန့်ရှင်းရေးလုပ်ပေးကြသည်။

"ဒါဆို … မင်းအိပ်လို့ရပါပြီ၊ မနက်မိုးလင်းလို့မှ မင်းမလာဘူးဆိုရင် ငါတို့လာခဲ့မယ်၊ ဒီမှာ လက်နှိပ်ဓာတ်မီး၊ ဖယောင်းတိုင်၊ ညဘက်မင်းဆာရင် စားဖို့ ကိတ်မုန့်နဲ့ရေသန့်ဘူး"

"အားလုံးပြည့်စုံပါပြီကွာ … မင်းတို့သွားလို့ရပြီ"

"ကောင်းသောညပါ … သူငယ်ချင်း"

ပြောသောပြောနေကြသော်လည်း (၃)ယောက်စလုံး၏ မျက်နှာများပေါ်တွင် ရိသဲ့သဲ့လား၊ စိန်ခေါ်ကြတာလား၊ မခံချင်စိတ်လား … မခွဲခြားနိုင်သော အရိပ်ယောင်တွေကို အတိုင်းသားမြင်နိုင်ပါသည်။

သူတို့နှစ်ယောက် အောက်သို့ဆင်းသွားသည့်အသံတွေကို ကြားနေရသည်။ မင်းခကတော့ ပင်လယ်ပြင်ဆီ ငေးမောလျက် ကျန်ရစ်ခဲ့၏။

မကြာခင် … အမှောင်ထုက ကြီးစိုးလာတော့ပေမည်။

* ✌ *



www.burmeseclassic.com

www.burmeseclassic.com

## ထိတ်လန့်ခဲ့ရသော ညတစ်ည

ညကနက်သထက် နက်လာသည်။ လပြည့်ကျော်ရက်မို့ လမှာထိန်ထိန် သာနေသည်။ ပင်လယ်နှင့်လရောင်က အလွန်ကြည့်လို့ကောင်းသည်ဟု သူထင် သည်။ ခပ်စောစောပိုင်းက ရွာထဲမှ မီးရောင်လက်လက်တချို့ကို လှမ်းမြင်နေရ သေးသည်။ ယခုတော့ လရောင်အောက်တွင်ပင် ငြိမ်သက်လျှက်ရှိနေချေပြီ။

လေတဟူးဟူးတိုက်နေသဖြင့် ဖယောင်းတိုင်မီးငြိမ်းသွားမှာစိုးသော ကြောင့် ပြတင်းပေါက်တံခါးကို ပိတ်လိုက်ရ၏။ မျိုးကျော်တို့ ဖယောင်းတိုင်တစ် တိုင်တည်းသာ ပေးသွားခြင်းအပေါ် သူသိပ်ဘဝင်မကျလှပါ။ တကယ်တော့ ဖယောင်းတိုင်က အကြီးကြီး။ ညလုံးပေါက်ထွန်းမည်ဆိုလျှင် ခံနိုင်လောက်သည်။ လေတဟူးဟူးတိုက်နေသည်ကို စိတ်ထဲမရောက်ဘဲ ဟိုတွေးသည်တွေး လုပ်နေ သောကြောင့် သတိလစ်သွားသည်ကိုလည်း သူကိုယ်သူ အပြစ်တင်ရပေမည်။ ယခု ဆယ်နာရီကျော်ပြီ။ နောက်ထပ် တစ်နာရီဆိုလျှင် ဖယောင်းတိုင်ကုန်မှာ ဖြစ်သည်။





မကြာသေးခင်က သောက်ခဲ့သော အိပ်ဆေးကြောင့် သူ့မျက်လုံးတွေ လေးလံလာသည်။ စိုးရိမ်စိတ်၊ ကြောက်စိတ်တို့ ကြီးစိုးနေသည့်ကြားက ဘာဖြစ် ဘာမလဲဆိုသောအသိက တစ်ရံမလပ်ဖြစ်နေခဲ့သည်။ ငှက်ဆိုးတစ်ကောင် ကောင်းကင်မှ တစ်ချက်အော်ကာ ပျံသွားသည်ကလွဲလျှင် ဘာ့နှယ့်ထူးခြားမှုတော့ မဖြစ်လာခဲ့။ ကြွက်တွေကတော့ ... စောစောကတည်းက တစ်ကောင်စ နှစ်ကောင်စဖြတ်သွားတာ မြင်လိုက်ရ၏။

ပထမတော့ ကြမ်းပြင်ပေါ်တွင် အိပ်လိုက်မလားလို့ စိတ်ကူးသေးသည်။ သို့သော် အခင်းအပြု ဘာမှမရှိ။ ခုတင်ကြီးကိုလည်းစိတ်ထဲမှာ မလန့်။ ညှီစို့စို့ အနံ့အက်အက်နံ့နေသည်ဟုသာ စိတ်ထဲထင်နေမိ၏။ တဖြည်းဖြည်းဖြစ်လာသော အိပ်ချင်စိတ်များကြောင့် ခုတင်ပေါ်တက်ကာ အိပ်လိုက်သည်။

အိပ်မက်တွေက ယောက်ယက်ခတ်လွန်းနေသည်။ ဆွေမျိုးသားချင်း တွေထဲမှ သေဆုံးသွားသူတွေကိုသာ မြင်မက်နေ၏။ သူတို့က သိုက်နန်းတစ်ခု ဆီသို့ ဦးတည်သွားနေကြသည်တဲ့။ အဝတ်အစားတွေက နန်းဝတ်နန်းစားတွေ လား။ နတ်ကတော်တွေ ဝတ်တတ်သည့်အဝတ်အစားတွေလား သူခွဲခွဲခြားခြား မသိပါ။

ဘယ်လောက်အချိန်ကြာကြာ အိပ်ပျော်သွားသည်မသိ။ တိုးတိုးသဲ့သဲ့ အလေးငိုသံကြောင့် သူ ဆတ်ခနဲ လန့်နိုးသွားသည်။

"အူဝဲ ... အူဝဲ ... အူဝဲ"

အခန်းထဲတွင် လှောင်ပိန်နေသည်။ ဖယောင်းတိုင် ကုန်သွားသော ကြောင့်ဖြစ်မည်။ ဟုတ်သည်။ တကယ့်ငိုသံစစ်စစ်။ သူခေါင်းနပန်းတွေ ကြီးသွား သည်။ ခုတင်ပေါ်ထ,ထိုင်ရင်း လက်နှိပ်ဓာတ်မီးကို စမ်းသည်။ မတွေ့။ အမှောင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ရောက်သွားရပါလိမ့်။ ပြတင်းပေါက်တံခါးကို ဖွင့်လိုက်၏။ လကာ တိမ်ညို တိမ်မည်းတွေကြား ပုန်းဝင်နေသည်မို့ အလင်းရောင်က ခပ်ပါးပါးသာ။

"အူးဝါးဝါး ... အူးဝူးဝူး ... အူးဝူးဝူး ..."

ရွာထဲက ခွေးဟောင်သံတွေ အတိုင်းသာကြားနေရ၏။ နာရီကို မီးဖွင့်ကြည့်တော့ ည(၂)နာရီကျော်ပြီ။ ထို့နောက် ပြန်လည်တိတ်ဆိတ်သွားသည်။

အိမ်အောက်မှ လမ်းလျှောက်သံလိုလို ကြားလာရပြန်လေသည်။

"ဖလပ် ... ဖလပ် ... ဖလပ်"

ယင်းနောက် ... လှေကားထစ်အတိုင်း မှန်မှန်တက်လာသောအသံ ဟုတ်သည်။ တကယ့်ကို အပေါ်သို့ တက်လာသည့်အသံ။ အသက်ရှူမှုတွေ ရပ်သွားမလား အောက်မေ့ရသည်။ လက်နှိပ်ဓာတ်မီးကို တုန်ရီသော လက် တစ်စုံဖြင့် လိုက်စမ်းပြန်သည်။ မတွေ့။

"တောက် ... အရေးထဲကိုကွာ"

သူ ငြိမ်ငြိမ်ကုပ်ကုပ်လေးနေကာ အသံကို ထပ်မံနားစွင့်လိုက်ပြန် သည်။ သူ ... နားကြားလွဲခြင်းတော့ မဖြစ်နိုင်ပါ။ ကျောပိုးအိပ်ကို ဆတ်ခနဲ ယူကာ သူဆောင်တတ်သည့်ဓားမြှောင်ကို စမ်းသည်။ ဓားမြှောင်လည်း ပါမလာ ပြန်ပါ။ စိတ်ဓာတ်အကြီးအကျယ် ကျသွားသည်။

ခြေသံက အခန်းနားဆီသို့ နီးသထက်နီးလာပြီ။ သူခုတင်ပေါ်မှဆင်း ကာ နံရံကို ကျောကပ်လျှက်ရပ်လိုက်၏။ ခြေသံသည် အခန်းဝအရောက်တွင် ရပ်သွားပါသည်။ ဒီမိန်းမ တကယ်လာနေပြီလား။ တကယ်လာနေတာလား။

ထိုစဉ် ...

အခန်းဝတွင် ဖြူဖြူအရိပ်သဏ္ဌာန်တစ်ခု မြင်လိုက်ရ၏။





"ဟင်"

သူအသက်ရှူဖို့ပင် မေ့သွားသည်။ ဟုတ်ပါပြီ။ ဒါဟာ ဒီမိန်းမ ဝိညာဉ် ပါပဲ။ ထိုအရိပ်သဏ္ဌာန်မှာ နံရံဘက်ဆီသို့ တဖြည်းဖြည်းရွေ့ကာ ပျောက်ကွယ် သွား၏။ သူနဖူးပြင်တွင် ချွေးတွေ ရွှဲနစ်နေပါပြီ။ ရင်ဘတ်တစ်ခုလုံးမှာလည်း အဖိုကြီးတစ်လုံးကို ဖုတ်လိုက် ဖုတ်လိုက်။

သိပ်မကြာ။

ခေါင်းပေါ်သို့ကျလာသော အရည်အစက်များ။ တစ်ပေါက်ကြီးတစ် ပေါက်။ လက်ဖြင့်စမ်းကာ နမ်းကြည့်ကာ ညှီစို့စို့။ မသင်္ကာ၍ နာရီမှ ဓာတ်ခဲ အလင်းနှင့်ကြည့်လိုက်သောအခါ ...

"သွေး ... သွေး ... သွေးတွေ"

သူ ချက်ချင်းနေရာပြောင်းလိုက်သည်။ သွေးတွေကတော့ ဆက်လက် ကျနေဆဲ။ သူသည်နေရာမှာနေလို့ မဖြစ်မှန်းသိလိုက်ပြီ။ သူဘာလုပ်ရမလဲ။ ကျောပိုးအိပ်ကိုတော့ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထား၏။

"ဝိညာဉ်ဟာ ယောကျ်ားတွေကို တအားမုန်းတာ"

"သူ့အခန်းထဲရောက်လာတဲ့ ယောကျ်ားမှန်သမျှကိုလည်း လည်ပင်း ညှစ်သတ်တာ"

ထိုအသိတွေက သူ့အသွေးအသားထဲသို့ စိမ့်ဝင်ထိုးဖောက်နေလေပြီ။

"တကယ်လို့ ထွက်ပြေးပြီ လွတ်ရင်တောင် မကြာခင်မှာ ရောဂါတစ် မျိုးမဟုတ် တစ်မျိုးနဲ့သေတာပဲ"

သူ စိမ်ခေါ်မိတာ မှားသွားပြီဖြစ်ကြောင်း အတတ်သိလိုက်၏။ သူ့ ဆိုသည်သည် အမှောင်ထဲတွင် ကိုးလန့်စွာ စားလိုက်ကြည့်နေရိုက် အနောက်



www.burmeseclassic.com

www.burmeseclassic.com



ဘက်ဆီသို့အရောက် ...

"အမလေး"

သူ့အနောက်တွင် ထီးထီးကြီးရပ်နေသော တစ္ဆေ။ ရှည်လျားသော ဆံပင်တွေနှင့်။ မျက်နှာကိုကောင်းစွာ မမြင်ရ။ မည်သို့ ပုံဖော်ပြောရမည်ကိုမသိ သော်လည်း အလွန်ကြောက်စရာကောင်းနေပါသည်။

မင်းခစိတ်ကို ဘယ်လိုမှ မထိန်းနိုင်တော့ဘဲ ထိုနေရာတွင်ပင် သတိလစ်မေ့မြောသွားပါတော့၏။

သူ့အတွက်တော့ အားလုံးက အမှောင်အတိ။

✲ ✲



မနက်မိုးလင်းလာသည့်တိုင် မင်းခရောက်မလာသောကြောင့် မျိုးေ နှင့်တင်မိုး အိမ်ကြီးဆီသို့ လိုက်သွားကြသည်။ ဘယ်မှာမှ ရှာလို့မတွေ့ တစ်ရွာလုံးကို ပတ်ရှာသည်။ အစအနပင်မရ။ သူတို့စိတ်ပူသွားကြသည်။

ထို့ကြောင့် ...

သူတို့နေထိုင်ရာ မြို့လေးဆီသို့ ပြန်လာခဲ့ကြသည်။

သူတည်းခိုနေထိုင်ရာ အဘိုးအိမ်သို့ မေးကြည့်ပြန်တော့လည်း "မင်း နဲ့အတူတူ သွားတာပဲလေကွာ၊ ခုထိ ပြန်မရောက်သေးဘူး" ဟု ဆို၏။

သူတို့ အလွန်အမင်း စိတ်ပူသွားကြ၏။

(၃)ရက်ခန့်အကြာ ရန်ကုန်သို့ စုံစမ်းကြည့်ပြန်တော့လည်း ပြန်မလ သေးဟုဆို၏။ ထိုသို့ဆိုလျှင် စိုးရိမ်စရာ ဖြစ်သွားလေပြီ။ တင်မိုးက တွေးေ ဆဆလေး စကားတစ်ခွန်းဆိုလာတော့ မျိုးကျော် မျက်လုံးပြူးသွားရ၏။

သူ့စကားက ...

"ဒီကောင် ပင်လယ်ထဲမျာ ခုန်ချသွားတာလား"

✲ ✲



www.burmeseclassic.com

www.burmeseclassic.com

*ထိုအဖြစ်အပျက်များဖြစ်ပွားပြီး*
*(၁)နှစ်ကျော်ကြာပြီးသည့်နောက် ...*

## မိတ္တူဇာသား

မော်ဘီမြို့နယ်အတွင်းရှိ ခြံစိုက်ခင်းကျယ်ကြီးတစ်ခု၊ နံနက်ခ
နေရောင်ခြည်က စူးရှုးရဲရဲလေး စိုက်ခင်းတွေအပေါ် ဖြာကျနေသည်။ စိုက်ခ
ထဲတွင် သပ်သပ်ရပ်ရပ် ဆောက်ထားသော သစ်သားအိမ်လေးတစ်လုံးရှိသည
ဆေးများပင် သုတ်ထားသောကြောင့် ချစ်စဖွယ်ကောင်းနေသည်။ စိုက်ခင်း
တွင် ပေါင်းသင်နေသူတစ်ယောက်မှလွဲလျှင် အခြားမရှိ၊ ပန်းမျိုးစုံစိုက်ထားသေ
ကြောင့် ရောင်စုံပန်းလေးတွေ လေပြည်အသွေးတွင် ယိမ်းထိုးနေကြသည်
ကြည့်လို့ပင် ကောင်းသေးသည်။

အိမ်လှလှလေးရှေ့ရှိ ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်နေသေ
လူရွယ်တစ်ဦး။ မညှပ်ဘဲထားသော ဆံပင်တွေက ပခုံးပေါ်ဝဲနေသည်။ နှုတ်ခမ်
မွေး မုတ်ဆိတ်မွေးတွေကလည်း ထိုအတိုင်းပင်။ မျက်လုံးအရောင်တွေက မှိန်ဖျေ
ဖျော့။ သူ့လက်ထဲတွင် စာရွက်တစ်ထပ်ကို ကိုင်ထားသည်။ မျက်လုံးတွေကအေ
အဝေးသို့ ငေးရီစွာ ကြည့်နေခဲ့သည်မှာ ကြာပြီ။

**ရိုရင့်အောင်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



သူကား ... တခြားသူမဟုတ် ... မင်းခပင်။

မင်းခသည် ခြံလေးထဲတွင် နေခဲ့သည်မှာ တစ်နှစ်ကျော်ပြီ။ သည်ခြံမှာ သူနှင့်နိုင်ငံခြားတွင် အလုပ်လုပ်ခဲ့သော သူငယ်ချင်းတစ်ဦး၏ခြံ။ သူ့မိသားစုက သည်မှာမနေ။ ခြံစောင့်နှင့်သာလွှဲထားသည်။ သူသည်မှာနေမည်ဟု ပြောတော့ ...

"မင်း ... အေးအေးဆေးဆေး နေချင်တယ်ဆိုရင် ကြိုက်သလောက်နေ၊ စားရေးသောက်ရေးလည်း ပူစရာမလိုဘူး၊ ငါ့ခြံစောင့်လေး အဖော်ရတာပေါ့"ဟု လှိုက်လှိုက်လှဲလှဲ ကြိုဆိုသည်။ အိမ်ကသတင်းအနံ့ရပြီး လာခေါ်တော့လည်း သူပြန်မလိုက်ပါ။ သည်မှာနေရ ထိုင်ရတာကောင်းသည်ဆိုလျှက် ငြင်းလွှတ်သည်။

ထို့ကြောင့်လည်း အဖေ စိတ်လျှော့ကာ ပြန်သွားရသည့်အကြိမ်ပေါင်း မနည်းတော့။

သူ အဝေးသို့ ငေးနေရာမှ လက်ထဲတွင်ကိုင်ထားသော မှတ်တမ်းကို တစ်ချက်ကြည့်သည်။ ခဏ ခဏ ဖတ်မိနေသောစာမူ။ သူ့ကိုကောင်းကောင်းကြီး ဒုက္ခပေးနေသော စာမူ။ အရင်က ဒုက္ခပေးပြီးပြီ။ ယခုလည်း ဒုက္ခပေးနေဆဲ။

နောင်ကိုလည်း သူ့စိတ်တွေကို ညစ်နွမ်းအောင် လုပ်နေမှာတော့ သေချာသည်။

မှတ်တမ်းထဲပါ ဇာတ်ကောင်တွေက သူ့ကိုစိုးမိုးလွှမ်းနေသည်။ သေဆုံးသွားသူတွေက သူ့နောက်တကောက်ကောက်လိုက်ကာ အနှောင့်အယှက်ပေးနေကုန်း။





ချစ်လွန်းသူကို သတိရတတ်သလို မုန်းလွန်းနေသူတွေကိုလည်း အကြောင့် မေ့ပစ်လို့ မရနိုင်ပါသလဲ။ မှတ်တမ်းထဲတွင် ပါဝင်နေသော ...

မမသဒ္ဒါ ... ဦးဖေမင်းနှင့်

ညီညီဇော် တို့က သေဆုံးသွားကြပြီးဖြစ်သော်လည်း ဝိညာဉ်တွေက သူ့အပါးအမြဲလိုလို ရောက်လာတတ်သည်။ တစ်နည်းပြောရလျှင် သူ့အသက်ဆိုတိုအောင် လာရောက်နှိပ်စက်နေသည်နှင့်မခြား။

"ကိုမင်းခ ... ကော်ဖီမစ် သောက်တော့မလား"

ပေါင်းရှင်းနေသော ခြံစောင့်ကောင်လေး ဝဏ္ဏမေးနေတာကို သူမကြား။ မိုက်ခင်းတွေဘက်ကိုသာ တွေတွေဝေဝေကြီး ငေးနေသည်။

"ကိုမင်းခ"

နောက်တစ်ကြိမ် ခေါ်တော့လည်းမကြား။ ဝဏ္ဏက အကြောင်းသိနေသည်မို့ စိတ်ရှည်လက်ရှည်နှင့်ပင် ...

"ကိုမင်းခ"

သည်တစ်ကြိမ်တော့ သူချာခနဲ လှည့်ကြည့်သည်။ ရုတ်တရက် ပြူးပြူးပျာပျာဖြစ်ကာ ...

"မင်း ... ညီညီဇော်"

"မဟုတ်ပါဘူး ကိုမင်းခရဲ့ ... ကျွန်တော် ဝဏ္ဏပါ၊ ကော်ဖီမင်သောက်တော့မလားလို့ မေးနေတာ"

သည်တော့မှ သူငြိမ်ကျသွားပြီး ခေါင်းကို ဖြည်းဖြည်းသက်သာ ညိတ်ဆိုက်သည်။

သူဘာတွေ ဖြစ်နေပါသလဲ။ သူ့စိတ်ကိုလည်း အစိုးမရချင်တော့



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူသက်ပြင်းတစ်ချက်ကိုချကာ စာမူကို စတင်ဖတ်ရှုပါတော့သည်။

စာမူခေါင်းစီးက ...

"ယောက်ျားတွေကိုမုန်းတဲ့ တစ္ဆေ"

* ✌ *



## ရွှတ်တို့၏ ထန့်သတ်ခဲ့နယ်မြေ

ညီညီဖော်မှာ ကိုယ်လုံးကိုယ်ပေါက် တောင့်သည်။ ရင်အုပ်နှင့် လက်မောင်းကြွက်သားတို့ကလှသည်။ မျက်နှာက ပျို့တိုင်းကြိုက်သည့် နှင်းဆီနိုင်လိုမျိုး။ စတိုင်ကျကျ ဝတ်တတ်စားတတ်သည်။ သူ့ကိုယ်ပိုင်တွေတော့ မဟုတ်။ သူငယ်ချင်းများနှင့် အပေါင်းဆိုင်တို့မှ ငှားရမ်းဝတ်နေခြင်းဖြစ်သည်။

အမေက မုန့်ဟင်းခါးသည်။ အဖေမရှိ။ ညီမနှစ်ယောက်က စက်ရုံဆင်းသည်။ သူကတော့ အလုပ်လက်မဲ့။ ဘာကိုမှ လုပ်ချင်ကိုင်ချင်စိတ်မရှိ။ အမေ့ဆီက မုန့်ဖိုးတောင်းမည်။ လက်ဖက်ရည်ဆိုင်ထိုင်မည်။ ဘိလိယက်ခုံတွင်ရှိမည်။ သူက ဘိလိယက်ထိုးတာတော့ ကျွမ်းကျင်သည်။ ထိုမှရသော ငွေလေးကြောင့်သာ လည်လည်ပတ်ပတ် သုံးနိုင်စွဲနိုင်ခြင်းဖြစ်သည်။ ထိုသို့မဟုတ်လျှင် ကွမ်းယာဆိုင်တွင် အချိန်ဖြုန်းမည်။ အချိန်တန်လျှင်တော့ အိမ်ပြန်စား။ သူ၏ နိစ္စဓူဝ အလုပ်က ဒါသည်ပင်။

"နှင်မရှက်ဘူးလား ... ညီညီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ရှက်ရမှာလဲ အမေရဲ့၊ ကိုယ့်အမေထမင်း ကိုယ်စားတာပဲ"

"အလုပ်မရှိ အကိုင်မရှိ … နင်မို့လို့ မျက်နှာမပူတယ်"

"အလုပ်မဲ့တယ်လို့သာပြောတာ အရမ်းဖိမ်ရှိတာ"

"တော်စမ်းပါဟယ် … အမေနဲ့ညီမတွေ ချွေးပါပျာခါကျအောင်လုပ်နေတာ နင်ကိုယ်ချင်းစာသင့်တယ်"

အမေ ဘယ်လိုပြောပြော သူကတော့ ပေါ့ပေါ့တန်တန်ပင် သဘောထားသည်။ ဘာကိုမှ အလေးအနက်မတွေး၊ ပေါ့ပေါ့နေ ပေါ့ပေါ့စား စရိုက်ထဲက။

သူ့ရုပ်ရည်လေးနှင့် ကောင်မလေးတချို့ထားဖူးသည်။ သူလိုဘဝ အတန်းအစားထဲကပဲမို့ ငွေရေးကြေးရေးနှင့် ပတ်သက်လာလျှင် အားမကိုးရ။ သူက အချစ်ကိုလိုချင်သူမဟုတ်။ ငွေကိုသာ လိုချင်သူဖြစ်သည်။ ငွေရဖို့ဆိုလျှင် ဘယ်လိုနည်းနှင့်မဆို ရင်ဆိုင်ဝံ့သူ။

"မင်း … မမသဒ္ဒါကို ဖန်ကြည့်ပါလား"

သူငယ်ချင်း စကားကြားတော့ သူအတန်ငယ် အံ့ဩသွားသည်။ မမသဒ္ဒါကို သူမသိဘဲနေပါ့မလား။ သူတို့မြို့နယ်လေးတွင် "သဒ္ဒါစတိုးဆိုင်" ဆိုတာ သူမပိုင်သောဆိုင်။ အဝတ်အစားအလှကုန်၊ လူသုံးကုန်မကျန် အစုံရသည်။ အရောင်းစာရေးမလေးတွေ ငါးထားတာ သုံးလေးယောက်။ မမသဒ္ဒါ ပုံစံက ရေဆေးငါးကြီးလို ဖွံ့ဖွံ့ထွားထွား။ အသည်းယားစရာကောင်းသည်တော့ သေချာပါ၏။

"သူမှာ ယောက်ျားနဲ့လေကွာ"

"သူ့ယောက်ျားက အရှုပ်ထုပ်ပါကွာ … ဘာစီးပွားရေးလုပ်တယ်ဆိုတာ မသိပေမယ့် အပြင်မှာ စမောလေးတွေနဲ့ တွဲခုတ်နေတာ သူလည်းသိတာပဲ။





မမသဒ္ဒါကရော ဘာထူးလဲ၊ ကောင်လေးတွေနဲ့ တရှန်းရှန်း၊ အားလုံးက ချူစားနေကြတာ၊ အဲဒီခွင်ထဲကို မင်းဆင်းလိုက်ရင် အရာရာလန်းသွားမယ်"

ထိုစကားက သူ့အတွက် စဉ်းစားစရာဖြစ်သွားသည်။ သည်လိုအနေအထားသည် အခွင့်အရေးကောင်းတစ်ခုပင် မဟုတ်ပါလား။

"မမသဒ္ဒါဟာ သူ့ယောက်ျားကို ကြိုက်လို့ယူခဲ့တာ မဟုတ်ဘူး။ ငွေမက်လို့ထောင်ချောက်ဆင်ပြီး အမိဖမ်းခဲ့တာ၊ ခုတော့ သူ့အတွက် အထိုင်ကျသွားပြီ၊ မင်းအနေနဲ့ ရင်းနှီးအောင်ပေါင်း … အီစီကလီပေါ့ကွာ၊ ပြီးတော့ ချူစား၊ ပေါ်တင်ကြီးတော့ ဘယ်ဟုတ်ပါ့မလဲ"

နောက်ပိုင်းတွင် …

သူ … မမသဒ္ဒါကို သတိထားလာခဲ့သည်။ ဟုတ်သည်။ ကောင်လေးတွေနှင့် ရောရောနှောနှောနေတတ်သည်။ အပေးအကမ်းရက်ရောသည်။ သူ ဒါကို အရင်က ဘာလို့ မမြင်ခဲ့ရသလဲဆိုတာ ကိုယ့်ကိုယ်ကို မကျေမနပ်ဖြစ်နေမိသည်။

"အိုကေ … အပိုင်ချည်ပြမယ်၊ စောင့်ကြည့်"

ထို့နောက် …

ညီညီဖော် စမတ်ကျကျလေးဝတ်ကာ စတိုးဆိုင် အနားသို့ ရစ်သီရစ်သီလုပ်လာသည်။ အသေးအဖွဲ့ ပစ္စည်းလေးတွေ ဝင်ဝယ်သည်။ မမက အရောင်းကောင်တာတွင် ထိုင်လေ့မရှိပါ။ ပိုင်ရှင်ဆိုတော့လည်း ဟုတ်ပေမည့်ပေ။ ထို့ကြောင့် အခြေအနေတစ်ရပ်ကို လှည့်စဉ်းစားရသည်။

မမက လက်ဖက်ရည်ကြိုက်တတ်သည်။ စွယ်တော်ဆိုသည့်ဆိုင်သည် သူသောက်နေကျဆိုင်။ ထိုအချက်က သူ့အတွက် အကွက်ဝင်သွား၏။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မမ လာနေကျအချိန်ကို စိတ်ရှည်လက်ရှည်စောင့်သည်။

တစ်မနက် မမ အလုပ်မသွားခင် စွယ်တော်၌ လာထိုင်သည်။ တစ်ယောက်ထဲ။ ဆိုင်ထဲတွင် လူများများစားစား ရှိသေးသည်မဟုတ်။ သူ ... မ စားပွဲအနားသွားကာ ...

"ကျွန်တော် ... ဒီမှာ ခဏထိုင်ပါရစေနော်"

မမက သူ့ကိုမော့ကြည့်သည်။ ညီညီ ပုံစံက ထိုနေ့က တော်တော်လေး မိနေသည်။ ရုပ်ရှင်သရုပ်ဆောင်တစ်ဦးလို၊ သည်လောက်ခံ့လွတ်တွေရှိပါလျက်နှင့် သူများစားပွဲဝိုင်း ဝင်ထိုင်တာ ဘာသဘောလဲ။ မမချက်ချင်း အထာပေါက်သွားသည်။ သို့ဖြစ်ကြောင့် "အင်း"လည်းမဆို၊ "ဟင့်အင်း"လည်း မငြင်းဆန်ဘဲ သည်အတိုင်း အသာလေး ငြိမ်နေလိုက်သည်။

ညီညီဆိုတာ မိန်းမကျမ်းကျေနေတဲ့ကောင်။ ဒါမျိုးတွေက ရိုးနေပြီ။ သူ အတင်းဖွတ်ဝင်ထိုင်သည်။ လက်ဖက်ရည်မှာပြီးသည့်နောက် ...

"မမကို ကျွန်တော်သိနေတာကြာပြီ"

မမက နှုတ်ဆိတ်နေဆဲ။ အီကြာကွေးတစ်ချောင်းကိုသာ လက်ဖက်ရည်ထဲ ထိုးနှစ်လျှက် လှလှပပလေး စားနေသည်။

"မမဖြတ်သွား ဖြတ်လာတိုင်း ကျွန်တော် အမြဲလိုလိုငေးပြီး ကြည့်နေမိတယ်၊ ဘာကြောင့်လဲ ... သိလား၊ မမက အရမ်းစတိုင်မိလို့ ကျွန်တော့်နာမည် ... ညီညီဇော်ပါ"

ထိုစကားထိ မမက မတုံ့ပြန်သေးပါ။ မျက်နှာပေါ်တွင်တော့ ပြုံးယဲ့ယဲ့လေးဖြစ်နေတာ သတိထားမိသည်။ ညီညီဇော် သည်လောက်တော့ ဘယ်ခေ ပါ့မလဲ။

ရဲရင့်အောင်စာပေ



"ကျွန်တော် ... မမကို ရိုးရိုးသားသား ခင်ချင်လို့ပါ"

သည်တော့မှ မမဆီက ပထမဦးဆုံး စကားထွက်လာသည်။

"ခင်ချင်တာပဲ ... ပိုက်ဆံပေးရတာမှတ်လို့"

"မမက အရှိန်အဝါကြီးလွန်းလို့ပါ"

"တို့လည်း လူထဲက လူတစ်ယောက်ပဲ၊ အဲသလောက်ထိ မဟုတ်ပါဘူး"

"မမက ကျွန်တော်ထင်တာထက်တောင် သဘောကောင်းနေသေးတယ်"

မမအကြည့်ရဲတာကို သူသတိထားဖြစ်သည်။ အင်းပေါ့လေ ... မမက အပျိုမှမဟုတ်တာ။ မမက သူနှင့်ကြာကြာမထိုင်ပါ။ ပတ်ဝန်းကျင်ကိုကြည့်သည့်ကြည့် ကြည့်ရင်း သူမ၏ ဟမ်းဖုန်းနံပါတ်ကို ပေးသွားသည်။ ဒီလောက်ဆို ညီညီဇော်တို့ နပ်ပြီ။ မမ အလုပ်အားသည့် ညပိုင်းလို အချိန်မျိုးတွင် ဆက်ဖြစ်သည်။

မမက သူ့ကို သည်မြို့လေးက ကျဉ်းသောကြောင့် လမ်းတွင် ခေါ်ပြောဆက်ဆံတာ သတိထားသင့်ကြောင်း။ ညီညီ့ကိုလည်း မြင်မြင်ချင်း ခင်မင်ပါကြောင်း သူမသိခဲ့သည့် ကောင်လေးတွေထဲတွင် သံယောဇဉ်ပိုပါကြောင်း စသဖြင့် ဘာညာ ဘာညာပြောဖြစ်ကြသည်။

ထို့နောက် မမပိုင်သော အိမ်တစ်အိမ်တွင် သူတို့နှစ်ကြိမ်လောက် စကားပြောဖြစ်ကြသည်။ ညီညီက သူ့ဘာကို အမှန်အတိုင်းပင် ပြောလိုက်သည်။ အလုပ်ကိုတော့ လုပ်ချင်ပါရက်နှင့် ရှာမရသောကြောင့် စိတ်ညစ်နေကြောင်း ငိုပြလိုက်သည်။

မမက ညီညီ ဆင်းရဲတာကို စိတ်မဝင်စားပါ။

ရဲရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မမ ... ညီညီ အလုပ်ရှာမရတာကို ခေါင်းထဲ မထည့်ပါ။

မမလိုအပ်နေသည်က ညီညီပင်။

တစ်ရက် ... မမက ရန်ကုန်တွင် ကုန်ဝယ်ရန်အတွက် ညီညီကို လိုက်ခဲ့ရန်ခေါ်သည်။ ထိုအခွင့်အရေးကို စောင့်နေသည့် ညီညီကလည်း လိုက်ပြီးသား။ မမနောက်က တစ်ကောက်ကောက်လိုက်ကာ ပစ္စည်းတွေ သယ်ရသည်။ မမက တစ်ဆိုင်ဝင်တစ်ဆိုင်ထွက်။ ညနေပိုင်းအရောက် မမရစရာရှိသည့် လူနှင့် မတွေ့ရ၍ ရန်ကုန်တွင် ညအိပ်ရမယ့်အကြောင်းပြောသည်။ သူမသိချင်ယောင်ဆောင်ကာ ...

"ဟင် ... ဒါဆို ဘယ်မှာအိပ်မှာလဲ"

မမက မျက်စောင်းလေး လှလှပပထိုးကာ ...

"ဘယ်မှာအိပ်ရမလဲ ... တည်းခိုခန်းပေါ့"

✲ ❦ ✲



## ကြောယ်စရာကောင်းသော ငွေသည့်နှစ်ယောက်

မှတ်မှတ်ရရ ထိုနေ့က မင်းခတစ်ယောက် အိမ်ပေါ်တွင် ငါးကန်အား ရေလှယ်ပေးနေစဉ် ခိုက်ဖြစ်သည်။ အားလုံးရွှေငါးလေးတွေချည်း။ ငါးလေးတွေကို ခွက်တစ်လုံးထဲပြောင်း။ မှန်သေတ္တာကို သေသေချာချာ ဆေးကြောသန့်စင် စိတ်တိုင်းကျပြီဆိုမှ ရေသန့်သန့်ကိုထည့်။ ရောင်စုံကျောက်ခဲလေးတွေနှင့် ကျောက်စက်ပွင့်လေးတွေပြန်သည်။ ပြီးတော့ ... ရွှေငါးလေး (၉)ကောင်ကိုပြန်ထည့် အောက်စီဂျင်မပေးနိုင်သည့်အတွက်တော့ သူစိတ်မကောင်းပါ။ ဒါသည်ပင် သူ့အလုပ်ဖြစ်ပါသည်။ ရွှေငါးလေးတွေကို ထိုင်ကြည့်တာ သူ့အတွက် စိတ်သက်သာရာရသည်။ ခြံစောင့်လေး ဝဏ္ဏကတော့ ခြံထဲတွင်ပင် ရှိလိမ့်မည်ထင်၏။

သူ ... ရေလှယ်ခြင်းကိစ္စပြီးသွား၍ လက်သုတ်နေစဉ် ...

"အိမ်ရှင်တို့ ရှိပါသလားရှင်"

အစ ပထမတော့ အသံက ခပ်ဝေးဝေးကဟု ထင်သည်။

"ကျေးဇူးပြုပြီး ... အိမ်ရှင်တို့ ရှိပါသလားရှင်"



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း သေသေချာချာ ဂရုပြုမိတော့ နီးနီးလေးမှုဖြစ်နေသည်။ နီးနီးလေးဆိုသည်က အိမ်ရှေ့နေရာလောက်တွင်။ ထို့ကြောင့် သူထွက်ကြည့်လိုက်၏။ အရွယ်လတ်လတ် အမျိုးသမီးတစ်ယောက်နှင့် ခပ်ငယ်ငယ် ယောကျ်ားလေးတစ်ယောက်။ အရွယ်လတ်အမျိုးသမီးက ဆံပင်ကို ကုတ်ဝဲထိညှပ်ထားပြီး အကြေကောက် ကောက်ထားသည်။ မိတ်ကပ်ကို ဖတ်မင်းသမီးတစ်ယောက်လို လိမ်းခြယ်ထား၏။ မည်းနက်နက် မျက်တောင်ကော့ကြီးတွေ နီနီရဲရဲပါးပြင်တွေနှင့် နှုတ်ခမ်းတွေ။ ဝတ်ထားတာကလည်း သတို့သမီး အင်္ကျီလိုလို ဘာလိုလို ခုတလော ဒီဇိုင်းနာတွေ အကြိုက်တွေ့နေသည့် ပုံစံမျိုး။

ကောင်လေးတွေပြန်တော့ စွပ်ကျယ်လက်ပြတ်နှင့်။ အောက်က ဂျင်းဘောင်းဘီက ကျပ်ထုပ်နေသည်။ သံကြိုးတွေ တိုးလို့တွဲလောင်းဆွဲထားတာလည်း အများကြီး။ လက်မှာ ဂေါ်ကွင်းတွေက တစ်ပုံတစ်ပင်။ နားတစ်ဖက်က စိန်တစ်လုံးအရောင်တဖျပ်ဖျပ်။ သည်ကြားထဲ ဆံပင်တွေကို ထောင်ထားတာ အလွန်အကြည်ရဆိုးနေသည်။

"ဘာကိစ္စလဲ"

"ကိုမင်းခကို တွေ့ချင်လို့"

"ဒါကတော့ ရှင်ပြောမှာလား၊ ကျွန်မက ရှင့်ကိုသိပြီးသား"

မင်းခ နည်းနည်းကြောင်သွားသည်။ သူကိုသိသတဲ့။ သူကတော့ လုံးလုံးမသိပါ။ သည်လို သရုပ်ပျက် ဟန်တွေနှင့်လူတွေကိုလည်း သူ အသိမဖွဲ့လိုပါ။

"လာရင်းကိစ္စကိုပြောပါ"

"ရှင်ဟာ လူမှုရေး အရမ်းခေါင်းပါးတာပဲ၊ ကိုယ့်ဆီလာတဲ့လူတွေကို





ဒီအတိုင်း ညွှန်ခံရသလား၊ ကျွတ် ... စိတ်ညစ်လိုက်တာ"

အမှန်အတိုင်းဆိုလျှင် သူတို့ကိုမြင်ကတည်းက စကားပြောလိုစိတ်မရှိပါ။ သို့သော် ညွှန်သည်က ဖွတ်တောင်းဆိုနေသောကြောင့် ...

"တက်ဗျာ ... တက် ... တက် ... "

သူတို့နှစ်ယောက် ဝမ်းသာအားရဖြစ်သွားတာ ဣန္ဒြေပင် မဆောင်နိုင်တော့ဘဲ အူးရားဖားရား အိမ်ပေါ်သို့ တက်လာသည်။ တစ်ယောက်လက်ကို တစ်ယောက်တွဲထားသောကြောင့် ဘာတွေလဲဟု ထင်မိသည်။

သူတို့ ကုလားထိုင်တွင် အကျအနထိုင်လိုက်တာ တစ်ယောက်ကိုတစ်ယောက် ပြုံးတီတီ ကြည့်နေကြသည်။ ထို့နောက် ကောင်မလေးက အမျိုးသမီးကို ခပ်တင်းတင်း သိုင်းဖက်ထားအနမ်းမိုးတွေ ရွှေပါလေတော့သည်။

ကြည့်စမ်း ...

ဒါ ဘာလုပ်ကြတာလဲ။ တစ်ပါးသူအိမ်မှာ သည်လိုပြုမူနေကြတာ မလွန်လွန်းဘူးလား။ အိမ်ရှင်ကို စော်ကားတာ မဟုတ်ဘူးလား။ သူမျက်စိရှက်လာတာနှင့်အတူ ဒေါသတွေက လှိုက်တက်လာ၏။

"တော်ကြစမ်း"

သူ့အော်ငေါက်သံကြောင့် သူတို့နှစ်ယောက်တွန့်သွားကြပြီး လူချင်းခွာလိုက်ကြသည်။

"ခင်ဗျားတို့က ဘာတွေလဲ"

"ကျွန်မတို့က ချစ်သူတွေလေ"

"အဲဒါပြောတာ မဟုတ်ဘူး၊ ကျုပ်အိမ်ကို ဘာလာလုပ်တာလဲလို့ မေးနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ဒါလား ပြောမှာပေါ့ရှင်၊ ဖြည်းဖြည်းပေါ့ ... ထိုင်ပါဦး"

"ကျုပ်ထိုင်တာ မထိုင်တာ ကိစ္စမရှိဘူး၊ လိုရင်းသာ တိုတိုပြော"

"ရှင်ဟာလေ ... အရမ်းစိတ်တိုတတ်တာပဲ၊ ဟုတ်တ[illegible]နော်မောင်"

"သိပ်ဟုတ်တာပေါ့"

"ဟော့ကောင် ... မင်းငြိမ်ငြိမ်နေ"

မင်းခ စကားကြောင့် သူတို့နှစ်ယောက် တစ်ခစ်ခစ်ဖြင့် ရယ်ကြလေသည်။ သူ့စကားတွင် ရယ်စရာမပါ။ ထို့ကြောင့် သူ့ကိုလှောင်နေသည်ဟုသာ ထင်သည်။

"ဒီလို ကိုမင်းခရဲ့ ကျွန်မတို့ကို အကူအညီတစ်ခုလောက်ပေးပါ"

တစ်ရစ်တော့ တက်လာပြန်လေပြီ။ ဘာရယ်မှန်းတော့မသိ။

"ဘာအကူအညီလဲ"

"ကျွန်မနဲ့ ဟောဒီကမောင်ဟာ အရမ်းချစ်ကြတာ၊ မောင်ဟာ ငယ်ပေမယ့် ကျွန်မအပေါ် အရမ်းအလိုလိုက်တာ၊ ကျွန်မလိုအင်ဆန္ဒဟူသမျှကို ကျေနပ်အောင် ဖြည့်ဆည်းပေးသူလေ၊ တွေ့ခဲ့ကြတာ မကြာသေးဘူးဆိုပေမယ့် ဘဝအဆက်ဆက်က ဆက်နွယ်ပတ်သက်လာသလားတောင် ထင်ရတာ၊ ကျွန်မကလည်း ... "

"တော် ... "

သူ စိတ်မရှည်တော့သဖြင့် အော်ဟစ်လိုက်သည်။ ဟုတ်သည်။ ဘာမဆိုင် ညာမဆိုင်တွေ သူ့ရှေ့လာပြောနေရတာလဲ။ သူတို့ ဘယ်လောက်ချစ်ချစ် ဘယ်လောက်အကဲပိုပို သူ့ရှေ့တစ်စက်လေး လာပြောစရာမရှိ။

"လန့်လိုက်တာရှင် ... ဖြည်းဖြည်းသက်သာပြောလည်း ရပါတယ်"





"မမကလည်း လိုရင်းကိုသာ ပြောလိုက်ပါတော့"

"ဒါဆိုလည်း ပြောရမှာပေါ့၊ ဒီလိုကိုမင်းခရေ ကျွန်မတို့နှစ်ယောက်ကို တစ်ည ဒီအိမ်မှာ တည်းခွင့်ပြုပါလို့"

"ဘာ"

"တစ်ညလောက် တည်းခွင့်ပြုပါလို့"

"မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး၊ ကျုပ်ဘယ်ဧည့်သည်မှ လက်မခံနိုင်ဘူး၊ အထူးသဖြင့် ခင်ဗျားတို့ကို ဧည့်သည်မျိုးကို ပိုပြီးတောင် လက်မခံချင်သေးတယ်၊ ခင်ဗျားတို့ပြန်ပါတော့ ... ခုချက်ချင်းပြန်ပါတော့၊ ကျုပ်ဒေါသတွေပေါက်ကွဲခင် ပြန်ပါတော့ ... "

"စဉ်းစားပါဦးရှင် ... ကျွန်မတို့က အနူးအညွတ်တောင်းပန်နေတာပါ"

"တောင်းပန်မနေနဲ့၊ ကျုပ်စကားတစ်ခွန်းတည်းပဲ ပြောတတ်တယ်"

"ဘိုးတော်က ကိုယ်ချင်းစာစိတ် သိပ်နည်းတာပဲ"

"ဟော့ကောင် ... မင်းပါးစပ်ပိတ်ထား၊ ငါကနေရာတကာ လိုက်ပြီး ကိုယ်ချင်းစာပေးရမှာလား"

"ယောက်ျားချင်းပဲဗျာ"

"ခဏနေ မောင် ... မမ ဆက်ပြောမယ်၊ ဒီမယ် ကိုမင်းခက အခု ကျွန်မတို့ကို မောင်းထုတ်နေတာနော်"

"မောင်းထုတ်ရုံတင်မကဘူး၊ ပြောမရရင် ဆွဲပါထုတ်မှာ"

"ဖြစ်မှဖြစ်ရလေတယ် ... ကိုမင်းခရယ်၊ ဟား ... ဟား ... ဟား"

သူမက ဟားတိုက်ရယ်မောလေသည်။ ကောင်လေးကလည်း နှိုး[illegible]။ သည်လောက်ထိဆိုလျှင်တော့ သူ့ကိုအလွန်အမင်း စော်ကား[illegible]ာလေ



www.burmeseclassic.com

www.burmeseclassic.com



ပြီး သည်းခံစိတ်တွေလည်း ကုန်သွားလောက်ပြီဟု သူထင်၏။

"သွားကြ ... သွားကြ ... သွားကြ"

"ဟား ... ဟား ... ဟား ... ဟား ... "

"ပြောနေတယ်နော် ... နားမပါကြဘူးလား"

"ဟား ... ဟား ... ဟား"

"ကျူပ်ဆွဲထုတ်တော့မှာနော်"

"ရှင်ဟာလေ ... ပေါ်တော်ကျေးဖူးကန်းတဲ့သူ၊ တစ်ဖက်သားရဲ့ ကျေးဖူးကို နည်းနည်းလေးမှ မသိတတ်တဲ့လူ"

"ဘာကျေးဖူးလဲ ... ခင်ဗျားရဲ့ ကျေးဖူးကျူပ်မှာ ဘာမှမရှိဘူး"

"ရှင်ဟာ တော်တော်မေ့တတ်တာပဲ၊ ရှင် ... ကျွန်မအိမ်မှာ တစ်ည အိပ်ခဲ့ဖူးတယ်လေ"

သူကြောင်သွားသည်။ သူ့အိမ်မှာပင် တစ်ညအိပ်ခဲ့ဖူးသေးသတဲ့။ ဒီ မိန်းမရူးနေလို့သာဖြစ်မည်။

"ဘာအိပ်ဖူးတာလဲ၊ တွေ့ကရာတွေ လျှောက်မပြောနဲ့"

"ရှင် ... သေသေချာချာပြန်စဉ်းစားနော်၊ အင်းလေ ... ရှင်မမှတ်မိတော့ရင်လည်း ကျွန်မက ပြောပြရတော့မှာပေါ့၊ ရှင် ပင်လယ်ကမ်းစပ်က ရေတော်ရွာလေးကို ရောက်ဖူးပါတယ်နော်၊ ပြီးတော့ ... အိမ်မည်းကြီးထဲက ကျွန်မ ခုတင်ပေါ်မှာ တစ်ညအိပ်ခဲ့ဖူးသေးတယ်လေ"

"ဟင်"

"ရှင်က ကြောက်ကြောက်လန့်လန့်နဲ့ ပြန်သွားခဲ့တာ၊ စိတ်တော့ မကောင်းပါဘူး၊ ကျွန်မက ဝတ္တရားရှိတဲ့အတိုင်းတော့ ဧည့်ခံတာပါပဲ၊ ရှင်





သူငယ်ချင်းတွေတောင် အသိမပေးဘဲ ကားလမ်းအတိုင်း ပြန်သွားခဲ့တာလေ"

"ဟင် ... ဒါဆို ... မင်း ... မင်း ..."

"ကျွန်မက မမသဒ္ဒါလေ၊ ကာလေးမွေးပြီးဆုံးသွားတာ၊ ဟော့ဒါက ကျွန်မရဲ့ အချစ်တော်လေး ညီညီဖော်တဲ့"

ကြည့် ... ကြည့်စမ်း

သေသွားပြီးတဲ့လူတွေက သူ့ရှေ့ကို ဘာလို့ရောက်နေရတာလဲ၊ တစ္ဆေတွေ။ တစ္ဆေတွေ။ ငါ့ကိုလာခြောက်တာ ... ငါ့ကိုလာခြောက်တာ။

"ဟား ... ဟား ... ဟား ... "

"သွားကြ ... သွားကြ ... ထွက်သွားကြ"

သူက အော်ကြီးဟစ်ကျယ် ကုန်းအော်သည်။ ထိုမိန်းမ၏ မျက်နှာမှာ ရယ်ရင်း ... ရယ်ရင်း ... နှပျိုနေရာမှ ပါးရေတွေ လိပ်ကာ ရှုံ့တွလာသည်။ ပါးတစ်ခြမ်း ရွဲ့စောင်းသွားသည်။ မျက်လုံးတွေက ဟောက်ပက်ဖြစ်ကာ နားနှစ်ဖက်က ရှည်ထွက်လာသည်။

"ဟား ... ဟား ... ဟား ... ဟား ... "

ကောင်လေး၏ နှာခေါင်းတွေက လေပူဖောင်းလိုပွလာသည်။ နှုတ်ခမ်းတွေက ထူလာလျှက်။ ဆံပင်တွေ ရှည်ထွက်လာသည်။

"ဟား ... ဟား ... ဟား ... ဟား"

"သွား ... သွား ... သွား"

အနီးနားမှ ရေခွက်ဖြင့် ကောက်ပေါက်သည်။ စာအုပ်တွေနှင့် ကောက်ပေါက်သည်။ တွေ့နှင့်ကောက်ပေါက်သောအခါ ငါးထည့်ထားသော မှန်ပုံးကို ထိ၍ ကွဲသွားသည်။ ရေတွေက ဝေါခနဲ သွန်ကျလာသည်။ သူ့မျက်စံပုံးများ



www.burmeseclassic.com

www.burmeseclassic.com



ပျာဝေလာသည့်မို့ အခန်းထဲဝင်ကာ မွေ့ယာပေါ်တွင် ခေါင်းစိုက်လျက် နားနှ ဖက်ပိတ်ကာ ...

"သွား ... သွား ... ထွက်သွားကြ"

သူ ဘယ်လောက်အော်နေသည်မသိ။ နောက်မှ စိုးရိမ်တကြီးပေါ်နေ သည့်အသံကို ချက်ချင်းမကြားနိုင်ခဲ့။ ခေါ်နေသူက ခြံစောင့်လေးဝဏ္ဏ။

"ကိုမင်းခ ... ကိုမင်းခ"

အကြိမ်ပေါင်းများစွာ ခေါ်သော်လည်း သူခေါင်းက ထူမတ်မလာ။

"ဘယ်လိုဖြစ်တာလဲ ကိုမင်းခရယ် ... အလန့်တကြား"

"သူ ... သူတို့"

"ဘယ်သူတို့လဲ"

"ဟို ... ဟို ... ဟိုမိန်းမတွေ၊ ညှော်ခန်းမှာ"

"ညှော်ခန်းမှာ ဘယ်သူမှ မရှိပါဘူး ကိုမင်းခရဲ့"

သူ့ရင်အစုံမှာ ဖားဖိုကြီးကဲ့သို့ ချိုင့်ချည်မောက်ချည်။ ချွေးတွေက စို့ရွဲ နေသည်။ သူချက်ချင်းပင် ညှော်ခန်းဆီသို့ ထွက်ခဲ့သည်။ ဟုတ်သည်။ မည်သူမျှ မရှိ။

ငါးကန်ထဲတွင်လည်း ရွှေငါးလေးတွေ ကူးခတ်နေသည်။

"ကိုမင်းခ ... အော်နေသံကြားလို့ ကျွန်တော်ပြေးလာတာ"

"ငါစောစောက ဘာလုပ်ခဲ့သလဲ၊ ဘာဖြစ်ခဲ့သလဲ"

"ကိုမင်းခ ... ဆေးသောက်လိုက်ပါလား"

"မသောက်ဘူး ... မသောက်ဘူး၊ ငါရူးနေတာ မဟုတ်ဘူး"

"စိတ်ငြိမ်သွားအောင်လို့ပါ"



သူခေါင်းကို တွင်တွင်ခါသည်။ ကိုယ့်ကိုယ်ကိုလည်း မယုံကြည်နိုင်သလို [illegible]သွားလေ၏။ ညှော်ခန်းရှိ ကြမ်းပြင်ပေါ်တွင်တော့ သူဖတ်နေဆဲ စာမူတစ်စု။

"ယောက်ျားတွေကို မုန်းတဲ့တာရွှေ"

＊ ✌ ＊



www.burmeseclassic.com

www.burmeseclassic.com

## သစ္စာမဲ့ကြသူများ

ညီညီဇော်နှင့်မမသဒ္ဒါတို့ အစက တည်းခိုခန်းတွင် တစ်ညအိပ်မည် ဆိုသော်လည်း တကယ်တမ်းတွင် (၃)ညအိပ် ဖြစ်သွား၏။ မမက နယ်ကိုတော့ အကြောင်းအမျိုးမျိုးတွေပြလျှက် ဖုန်းကို တဂွမ်ဂွမ်ဆက်သည်။

သူတို့နှစ်ယောက်တော်တော်ပျော်ခဲ့ကြသည်။ နေရာစုံကိုလျှောက်လည် ကြသည်။ ကုန်ကျစရိတ်အားလုံးကို မမက ဒိုင်ခံရှင်း။ ဒိုင်ခံရှင်းရုံတင်မက မမစေတနာပိုတာကတော့ ကမ်းကုန်သည်။ သူ့အတွက် အဝတ်အစားတွေ ဝယ် ပေးသည်။ သုံးဖို့ဖြုန်းဖို့ဟုဆိုကာ ငွေ(၂)သိန်း လက်ထဲထည့်ပေးသေးသည်။ ကြောင် လိုက်သေးသည်။ ဟိုရောက်ရင် ဂ္ဂုလာမြေ့ရရနေနော်တဲ့။ မကဲနဲ့တဲ့။

ရန်ကုန်က ပြန်လာပြီးနောက် မမ ... ညီညီဇော်အပေါ် အစွဲကြီး စွဲသွားတာ ငြင်းလို့မရ။ ညီညီဇော်က ရလာသော ငွေထဲက တချို့ကိုအမေ့ပေး ရာ ...

"ဟဲ့ ... ဒါတွေက ... "





"ကျွန်တော်ကို ချစ်နေတဲ့ ကောင်မလေးကပေးတာ"

"သူက ချမ်းသာလို့လား"

"အင်း ... "

"မင်းတို့ခေတ်ကတော့ ပြောကို မပြောချင်တော့ပါဘူးကွယ်၊ ပြောင်း ပြန်ဖြစ်ရတယ်လို့၊ နင်တော့ _ တစ်နေ့ ဒုက္ခတွေ့မယ်'' '

မမသဒ္ဒါက သူမအပြစ်ကို တခြားသူ့အပြစ်လုပ်ချင်သည်နှင့် အိမ် နောက်တိုင်း ယောကျ်ားဖြစ်သူ ဦးဖေမင်းကို ပြဿနာရှာတတ်သည်။ ဦးဖေမင်း က ညနေပိုင်းဆို ယမကာလေး တမြမြနှင့်ဇိမ်ခံတတ်သူ။

"ရှင် ... အနေအထိုင်ဆင်ခြင်ဦးနော်၊ လူပြောသူပြောများနေပြီ"

"ဘာလာရစ်ပြန်ပြီလဲကွာ"

"ကာရာအိုကေဆိုင်က ကောင်မတွေနဲ့ရှုပ်နေတာ"

"မင်းပဲ ခွင့်ပြုတယ် ... ခွင့်လွှတ်တယ်ဆို"

"ကျွန်မက ရှင်ဘာလုပ်လုပ် စိတ်မဝင်စားခဲ့ဘူး။ ခက်တာက ပတ်ဝန်း ကျင်၊ လူအမြင်များတော့ ကျွန်မ သိက္ခာကျတာပေါ့"

"အေးဆေးပါ မိန်းမရာ၊ ဂရုမစိုက်စမ်းပါနဲ့၊ တစ်ခါတလေ စိတ်အပန်း ဖြေရုံသက်သက်ပါ၊ စိတ်ပါလို့ မဟုတ်ပါဘူး၊ အချိန်တန်တော့ ကိုယ့်ဇာတ်လမ်း ဟာ ကိုယ့်ဇာတ်လမ်းပါပဲ"

"ဟွန်း ... ဒါမျိုးမတော့ ပြောတတ်"

အိမ်ထောင်ပြုပြီးသည့်နောက်ပိုင်း သူတို့နှစ်ယောက်တွင် အိမ်ထောင်ရေး သုခဆိုတာမျိုး။ အစကတည်းက နှစ်ယောက်စလုံးက မြှေပွေးတွေ။ သူ့လှိုင် သူ့စား ကိုယ်လျှော်ကိုယ်စားသဘော။ နောက်ဆုံးတော့ မမသဒ္ဒါ၏ ထောင်ချောက်



www.burmeseclassic.com

www.burmeseclassic.com



အတွင်းသို့ ဦးဖေမင်း ကောင်းကောင်းကြီး ဝပ်ဆင်းရတော့သည်။ မချစ်မြ
သက်သော်လည်း ကွာရှင်းမှုတော့မပြု။ သိုက်တွင်းကြီးဆိုတော့လည်း ထိုကဲ့
မည်သို့လုပ်မည်နည်း။ လုပ်ချင်းလုပ်လျှင် ဦးဖေမင်းကို သေစေလျှက် ရှိသ
ပစ္စည်းအပိုင်စီးဖို့ပင်။

သေစေဖို့ဆိုတာ လွယ်ကူသည်တော့မဟုတ်။

မည်သို့ သေစေမည်လဲ။

သေစေနည်းပေါင်းစုံကို သူမလျှောက်စဉ်းစားသည်။ စဉ်းစားလေ
ပိုခက်လေပင်။

"ဒါလေးများ မမရယ် . . . ခက်တာမှတ်လို့ အဲဒီလူကြီးမှာ
သွေးတိုးရှိတယ်မို့လား၊ သွေးတိုးရှိတဲ့လူဟာ သိပ်မြန်တာ၊ မတည့်တဲ့ဟာတွေ
ကို ချော့မော့ပြီး အကုန်လျှောက်ကျွေး။ အရက်ကို ကြိုက်သလောက်သောက်ခိုင်း
မကြာဘူး ... သူ့ကိစ္စသူ့ရှင်းပြီးသား ဖြစ်သွားလိမ့်မယ်"

"ဟုတ်ပါရဲ့၊ ဒါကို မမ ဘာလို့မစဉ်းစားခဲ့ရတာလဲ"

ထိုအချိန်က မမသဒ္ဒါ ဝယ်ပေးထားသော ဆိုင်ကယ်ဖြင့် ညီညီဇော်
လတ်လျားလတ်လျား လုပ်နေနိုင်သည့်အချိန်။ နောက်တော့ အချစ်တော် ပြော
သည့်အတိုင်း အကုန်လျှောက်လုပ်တော့၏။

ဦးဖေမင်း ဆိုသူက ငါးသားလောက်တို့၊ ငါးခြောက်တို့၊ ငါးချဉ်တို့ကို
ကြိုက်မှကြိုက်။ ထည့်လဲချက်ကျွေး။ ဟိုက မဆင်မခြင်စား။ မဆင်မခြင်သောက်
သူပင် ကသိုလ်ကံနည်းလို့လား၊ သူမ၏လုပ်ဆောင်ချက်ကပင် တည့်သွားလို့
လားမသိ။ မကြာမီ ဦးနှောက်သွေးကြောပြတ်သေလေသည်။ ဦးဖေမင်းသေ
တော့ ပစ္စည်းတွေအားလုံး သူ့လက်သူ့ခြေ။



သည့်တွင် ညီညီဇော်က အရင်းအနှီးတစ်ခုလုပ်ချင်သည်ဆိုကာ မမထံ
မှ သိန်း(၁၀၀)ချေးသည်။ အစပထမတော့ တွန့်နေမိသေးသည်။ သိန်း (၁၀၀)
ဆိုတာ နည်းတဲ့ငွေမှ မဟုတ်တာ။ သို့သော် သူမပိုင်ဆိုင်လိုသည့်ယောကျ်ား၊
အားကိုးလိုသည့်ယောကျ်ား၊ အချစ်တွေပုံပေးထားသည့်ယောကျ်ားမို့ ရက်ရက်
ရောရော မျက်စိမှိတ် ထုတ်ချေးလိုက်သည်။

ချေးလိုက်သည့်နောက်ပိုင်းမှာပင် ညီညီဇော် ခြေလှမ်းတွေ ပျက်လာ
သည်။ မမသဒ္ဒါထံ အလာကျဲသွားသည်။ ရောက်လာပြန်တော့လည်း ပတ်ချွဲ
နပ်ချွဲဖြင့် ငွေတွေ သယ်သွားပြန်သည်။

သည်လိုနှင့် တစ်နေ့တွင် မမအရှိုက်ကို ထိုးနှက်လိုက်သည့်သတင်း
တစ်ခုကြားလိုက်ရသည်။ ညီညီဇော်မှာ ရွာတစ်ရွာရှိ သူအလွန်ချစ်သော မိန်း
ကလေးတစ်ယောက်နှင့် တိတ်တိတ်လေး လက်ထပ်ထားသည်ဆိုသောသတင်း၊

သူမ ခေါင်းသို့ မိုးကြိုးဆယ်စင်းမက ပစ်ချခံလိုက်ရသလိုပင်။ သတိ
လစ်မေ့မြောသွားမတတ်။ ထိုအချိန်တွင် သူမဗိုက်၌ ညီညီ၏ ကိုယ်ဝန်ရှိနေသည်
မှာ (၆)လခန့်ပင်ရှိပြီ။ ကြားကာစက သူချုံးပွဲချငိုသည်။

"တောက် ... မိုက်ရိုင်းလိုက်တဲ့ကောင်"

မြွေပွေးအဆိပ်မိသည့် သဘောပင်ဖြစ်ပါလိမ့်မယ်။ သူမ ထိုအကြောင်း
အရာ တကယ်ဟုတ်မဟုတ် စုံစမ်းသည်။ တကယ် ဟုတ်နေမှန်းသိတော့
ကြေကြေကွဲကွဲနှင့် ယူကျုံးမရဖြစ်ရသည်။ ပေါက်ကွဲမှုတွေကို ထိန်းမရချင်တော့။

"မင်းကို သတ်ရမယ်"

တိုက်တိုက်ဆိုင်ဆိုင် ညီညီဇော် သူမထံရောက်လာသည်။ ငွေလိုရ၍
လာရောက်ချေးခြင်း။ မမက အချိုသတ်ကာ သူ့အားတယ်နေရာသို့ခေါ်သွား

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူနှင့်ရထားသော ကိုယ်ဝန်ကို ဥပက္ခာပြုကာ မိန်းမတစ်ယောက်ကို လက်ထပ်ထားခြင်းအပေါ် နာနာကြည်းကြည်း ခါးသီးစွာဆိုသည်။

ညီညီဇော်က အရင်လိုရမည့်အထင်နှင့် မုသားများသုံးကာ မမကို ချော့သည်။ ရမွက်တွေကို အသုံးပြုကာ နှစ်သိမ့်သည်။ သို့တစေ သူ့အထင် တက်တက်စင်လွဲသွားခဲ့ရ၏။

သူနောက်ကျသွားကြောင်းသိရသည့်အချိန်မှာ သူ့ရင်ဝမှာ မမထိုးစိုက် လိုက်သော ဓားတစ်ချောင်း နစ်မြှုပ်သွားပြီး မကြာမီမှာပင်ဖြစ်၏။

* ❀ *



## နှောင်တများစွာ

ညီညီဇော်မှာ မမသဒ္ဒါထိုးစိုက်လိုက်သော ဓားဒဏ်ရာကြောင့် မြေကြီး ပေါ်သို့ ပုံလျက်သားလေး လဲကျသွားသည်။ ပြူးကျယ်သော မျက်လုံးတွေက မမကို စိမ်းစိမ်းကြီးကြည့်သည်။

"ခင် ... ခင်ဗျားကြီး ... လုပ်ရက်လိုက်တာ"

"ငါလုပ်ရက်တာမဟုတ်ဘူး။ ဒါတွေအားလုံး နင်ကြိုပ်မွှေခဲ့တာ"

"ခင်ဗျားတော်တော်ရမွက်ကြီးတဲ့ မိန်းမ"

"ဒါတော့ နင်ထင်ချင်သလိုထင်"

"ခင်ဗျားကို ဘယ်တော့မှ မကြေဘူး။ ကျုပ်သေလို့ သရဲဖြစ်ရင် ခင်ဗျားကို ခြောက်သတ်မှာ"

ညီညီ စကားကို များများစားစား မပြောနိုင်တော့ပါ။ တဖြည်းဖြည်း အသံတွေ တိုးတိမ်လာသည်။ သိပ်မကြာ။ ခေါင်းငိုက်စိုက်ကျသွားလေသည်။ သူမ ထိုနေရာလေးတွင် ကြာကြာမနေရဲတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

အစက ဒေါသကိုမထိန်းနိုင်ဘဲ စိတ်လိုက်မာန်ပါ လုပ်ခဲ့သလောက် ခုတော့ ကြောက်စိတ်တွေ တဖွားဖွားပေါ်လာရသည်။ မမ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ သူတို့ရှိနေသောနေရာမှ ပန်းခြံတစ်ခု၏အပြင်အစပ်တွင် ဖြစ်သည်။ မီးရောင်က မှုန်မှုန်ဝါးဝါး။ ဖြတ်သွားဖြတ်လာမရှိသလောက်အောင် ပင်ဖြစ်သည်။ သူမ ဓားကို ရေကန်ထဲ ပစ်ချလိုက်သည်။

ဣန္ဒြေရရ လမ်းလျှောက်နေသော်လည်း ခန္ဓာကိုယ်တစ်ခုလုံး ပြိုလဲသွားမလားထင်မိသည်။ ထိုစဉ် သူ့အနားသို့ အသံတစ်သံရောက်လာသည်။

"မမ"

"အမလေး"

ရုတ်တရက်မို့ သူမလန့်သွားသည်။ လှည့်ကြည့်တော့ သူမနှင့်သိနေသော ဆိုက်ကားသမားတစ်ဦး။

"မမ ... အပြန်ညဉ့်နက်လှချည်လား"

"ဪ ... အေးကွယ်"

"ကျွန်တော် လိုက်ပို့ပေးမယ်လေ"

သူက သဘောရိုးဖြင့်ဆိုသော်လည်း လိပ်ပြာသိပ်မလုံချင်။ သို့သော် မတတ်နိုင်တော့။ အရင်ကလည်း ဆိုင်ပြန်နောက်ကျလျှင် စီးနေကျမို့ ထိုသူ့ဆိုက္ကားကိုပင် စီးလာလိုက်သည်။

အိမ်သို့ပြန်ရောက်သည့်အခါ အိမ်ဖော်ခေါ်ထားသည့် ဒေါ်ကြည်အောင် စောင့်နေတာတွေ့သည်။

"မမ ... ဘယ်သွားနေတာလဲ"

"စကားတွေ သိပ်မများနေနဲ့ ... ကျွန်မ ဒီညခရီးထွက်စရာရှိတယ်၊





အဝတ်အစားဆယ်စုံလောက် ခရီးဆောင်အိတ်ထဲထည့်ပေးပါ"

"မြန်းစားကြီးပါလား မမရယ်"

"ကျွန်မ ပြောပြီးပြီနော် ... စကားမများပါနဲ့လို့ ခိုင်းတာသာလုပ်ပါ"

ဒေါ်ကြည်အောင် စကားဆက်မပြောနဲ့တော့။ အိပ်ခန်းထဲသို့ လှစ်ခနဲဝင်သွားတော့၏။ သူမချွေးစေးတွေ ထွက်လာသလို တစ်ကိုယ်လုံးလည်း တုန်တုန်ယင်ယင်ဖြစ်လာသည်။ သူမဧည့်ခန်းထဲတွင် ခဏထိုင်ကာ စဉ်းစားသည်။ ဘယ်ကိုသွားရမလဲ။ ဘယ်နေရာကို ရှောင်တိမ်းနေရမလဲ။ အမျိုးမျိုးစဉ်းစားကြည့်သည်။

သည်တွင် ခရမ်းမြို့မှ မျိုးမျိုးဆွေကို သွားသတိရသည်။ မမလိုပင် စတိုးဆိုင်ဖွင့်သူ။ မင်္ဂလာဈေးတွင် ဈေးဝယ်အချင်းချင်း မကြာခဏတွေ့ကာ ခင်မင်သွားခြင်းဖြစ်သည်။ သူမသိမ်းဆည်းထားသည့် ငွေတချို့နှင့် လက်ဝတ်ရတနာတွေယူသည်။ ဘယ်လိုမီးဆင်ကြည့်ကာရမှန်းမသိသောကြောင့် သုံးစရာ ပိုပိုမိုမို လိုအပ်သည်။

"မမ ... ဟောဒီမှာ ထည့်ပြီးပါပြီ"

"ရှင် ... ကျွန်မပြောတဲ့ စကားကို သေသေချာချာမှတ်ထားပါ၊ အိမ်ရဲ့လုံခြုံရေးကိုလည်း ကျွန်မစိတ်ချမယ်၊ ကျွန်မ ဘယ်သွားတယ်ဆိုတာ ရှင်မသိသလို ဘယ်သူလာမေးမေး မသိဘူးလို့သာဖြေပါ၊ ဆိုင်ကိုတော့ ယာယီပိတ်ထားခဲ့မယ်၊ ဟောဒီမှာ ကောင်မလေးတွေ လစာငွေအတွက် သူတို့ကိုထုတ်ပေးလိုက်ပါ"

"ကျွန်မတော့ ဘာမှနားမလည်တော့ပါဘူး မမရယ်"

"ကောင်းတယ် ... အဲဒီလို ဘာမှနားမလည်တာ အကောင်းဆုံးပဲ၊



www.burmeseclassic.com

www.burmeseclassic.com



မျိုးမျိုးဆွေက ဆွေမျိုးတော်စပ်သော ဒွေးလေးမယ်တင်တို့ ဒေါ်လေးစိန်တို့နှင့် မိတ်ဆက်ပေးသည်။ သူတို့ကျတော့ အကြောင်းစုံကို ဖွင့်ပြောလိုက်သည်။

"ကျုပ်တို့တစ်တွေ ရှိပါတယ်လေ၊ ဘာမှမပူပါနဲ့"

"ကလေးမွေးပြီးရင်တော့ ဟိုဘက်က စိတ်ပြောင်းချင်ပြောင်းသွားမှာပါ"

သည်လောက် အသိပေးဖုံ့နှင့်တော့ ဘာမှမဖြစ်။ အဖြစ်မှန်ပေါ်သွားမှာသာစိုးရိမ်ရသည်။ အစစအရာရာ အဆင်ပြေသွားသည်မို့ နောက်ရက်တွင် မျိုးမျိုးဆွေ ပြန်သွားသည်။ နေသားမကျခင်တော့ အခက်အခဲတချို့ရှိမှာ မယသန္တီ မျှော်လင့်ထားပါသည်။

✲ ✲ ✲



## သူ့အဝ သူ့အဖြစ် သူ့ထံကြွမှာ

နောက်နေ့မနက်ကာ မမတစ်ယောက် အိမ်ကြီးကို သန့်ရှင်းရေးလုပ်သည်။ ချိုးပဲ့နေသော သစ်သားတွေကို သိမ်းဆည်းသည်။ ပါလာသည့် ငွေနှင့်စားအိုး အချက်တွေဝယ်သည်။ လက်တိုလက်တောင်းခိုင်းရန် ပုံ့ပုံ့ဆိုသော ကောင်မလေး အခြေရောက်လာတတ်သည်။ မှန်ဖိုးပဲဖိုးလေးပေးရုံနှင့် ကျေနပ်နေ၏။

ဆန်နှင့်ဟင်းခတ်မဆွည်းတချို့ ဝယ်ထားသည်။ ဟင်းရွက်ဟင်းသီးကတော့ ဝယ်မစားရ။ ငါးနှင့်အသားတချို့ကိုတော့ မကြာမကြာဆိုသလို လာရောင်းတတ်သည်။ သူမအတွက် တစ်နေ့တာအလုပ်မှာ ချက်ပြုတ်စားသောက်ရုံပင်။

ကျန်သည့်အချိန်မှာတော့ ပင်လယ်ကြီးကို ငေးမောနေတတ်သည်။

"ခင်ဗျားကို ဘယ်တော့မှမကြောဘူး၊ ကျုပ်သေလို့ သရဲဖြစ်ရင် ခင်ဗျားကို ခြောက်သတ်မှာ"

ထိုစကားကို မမ မကြာမကြာ ပြန်ကြားနေတတ်သည်။ ထိုရက်ထိုအချိန်တွေတော့ ထူးထူးခြားခြား ခြောက်လှန့်တာမျိုးမရှိခဲ့။ သူမ ညပိုင်းဆိုလျှင် မီး



www.burmeseclassic.com

နေချင်တယ်''

''အလိုတော် ... မိန်းမက ဘယ်လိုဖြစ်လာရတာလဲ''

''ပြောရမှာ ရှက်လည်းရှက်ပါတယ်''

''ပွင့်ပွင့်လင်းလင်းသာ ပြောစမ်းပါ မမရယ်''

မမသန္တါက သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်သည်။

''တို့လူတစ်ယောက်နဲ့ ကိုယ်ဝန်ရှိခဲ့တာ (၆)လကျော်ပြီ''

''အဲဒီလူတစ်ယောက်ကရော''

''မိန်းမတစ်ယောက်ကို ယူထားတယ်''

''ဘုရားရေ ... နင်တို့ဟာက ဘယ်လိုတွေလဲ''

''တို့ သူ့ကိုလက်ထပ်မှာပါ၊ ဒါပေမယ့် သူ့ဘက်ကစပြီး စည်းဖောက်ခဲ့တာ၊ တို့အပေါ် သစ္စာမဲ့သွားတယ် ပြောရမှာပေါ့''

''အဲဒီလောက် သဘောလွယ်ရသလား မိန်းမရယ်''

''တို့က သူ့ကိုအရမ်းချစ်ခဲ့တာကိုး''

''ခုတော့ အရှက်တကွဲ အကျိုးနည်းချေပြီလေ''

''ငါ့ကသိလ်ကံဆိုးတယ်ပဲ ပြောရမှာပါပဲ''

''နင့်အဖြစ်ကလည်းဟယ် စိတ်ညစ်စရာကြီး''

''ဘာတတ်နိုင်မလဲ ... ဗိုက်ထဲက ကလေးကိုတော့မွေးရမှာပဲ''

''နင် ငါ့အိမ်မှာ ကြိုက်သလောက်နေလေ''

''နင့်စေတနာကို ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ငါလူနေကျဲပါးတဲ့ ရွာမျိုးမှာ လွတ်လွတ်လပ်လပ်နေချင်တယ်''

မျိုးမျိုးဆွေက တွေးတွေးဆဆလေး စဉ်းစားလိုက်သည်။





''နင်နေချင်တယ်ဆိုရင်တော့ ငါ့အမျိုးတွေရှိတဲ့ရွာရှိတယ်''

''ဟုတ်လား ... ဘယ်မှာလဲဟင်''

''ပင်လယ်ကမ်းစပ်က ရေတော်ဆိုတဲ့ရွာ''

မမသန္တါစိတ်အားထက်သန်သွားသည်။ ထို့ကြောင့် အလောသုံးဆယ် သည်။

''ငါ့ကို လိုက်ပို့ပေးပါလားဟင်''

''အဲဒီရွာက အရမ်းခေါင်တာနော်''

''အဲဒီလိုနေရာမျိုးမှာနေချင်တာ''

''ပင်လယ်လေကြောင့် ကျန်းမာရေးထိခိုက်မှာစိုးတယ်''

''ရတယ် ... ကိစ္စမရှိဘူး''

မမသန္တါ အရမ်းကာရော သွားချင်နေသောကြောင့် မျိုးမျိုးဆွေ မတားဆီးချင်တော့ပါ။ ကလေးပြဿနာက ရှိနေသေးသည်လေ။

''အေးလေ ... ငါလိုက်ပို့ပေးပါ့မယ်''

သည်လိုနှင့် မကြာခင် တစ်ရက်တွင် မျိုးမျိုးဆွေက ရေတော်ရွာသို့ လိုက်ပို့ပေးခဲ့သည်။ ရွာသို့ရောက်ရောက်ချင်း မမတစ်ယောက် လူမနေသော အိမ်မည်းကြီးကို သဘောကျသွားသည်။

''နင်တစ်ယောက်တည်း နေရဲပါ့မလား''

''ဘာလို့မနေရဲရမှာလဲ''

''ရွာက စရိုက်မကြမ်းပါဘူး၊ ဒါပေမယ့် နင်တစ်ယောက်တည်းဆိုတော့''

''ငါ ... ဒီလောက် သတ္တိမနည်းပါဘူးဟာ''

''နင်ကတော့ ပြောလိုက်ရင် ဖွတ်ကြီးပဲနော်''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကိုယ်ကျွန်မလည်း နားမလည်တော့ဘူး"

မမ အဝတ်အစားလဲလိုက်သည်။ ထို့နောက် ဘုရားရှိခိုးကာ အိတ်ကိုလွယ်လျက် ...

"ကျွန်မ သွားမယ်"

သူမအိမ်ကို တစ်ချက်ကြည့်ကာ ထွက်လာခဲ့တော့၏။

✲ ✲ ✲



## အိမ်မည်းကြီးဆီရောက်ခဲ့ခြင်း

မမသဒ္ဒါ အသိအိမ်တစ်အိမ်တွင် သွားရောက်အိပ်ပြီးနောက် တစ်နေ့တွင် ခရမ်းသို့ ခရီးဆက်ခဲ့ရာ နေ့လည်ပိုင်းတွင် ရောက်ရှိခဲ့သည်။ မျိုးမျိုးအေ၏ စတိုးဆိုင်ကို ရှာဖွေခဲ့ရာ ခဲခဲယဉ်းယဉ်းမရှာလိုက်ရ။

သူမကိုတွေ့တော့ မျှော်လင့်မထားသောကြောင့် အလွန်အမင်းအံ့ဩနေသည်။

"လာမယ်ဆိုလည်း ကြိုတင်ပြီး ဖုန်းလေးဘာလေး ဆက်တာမဟုတ်ဘူး"

"တို့မှာလည်း တို့သောကနဲ့တို့လေ"

မျိုးမျိုးအေမှာ ညည်းဝတ်ကျေရှာပါသည်။ ညည်းသည်တစ်ယောက်အနေနှင့်မနေတတ် မထိုင်တတ်အောင်ဖြစ်ရသည်။ အေးအေးဆေးဆေး အချိန်ရောက်တော့ မမသဒ္ဒါ ရင်ဖွင့်မိသည်။

"တို့အေးအေးဆေးဆေးရှိတဲ့ ရွာတစ်ရွာမှာ (၃)လလောက် သွားငှား



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ မထွန်းခဲ့။

သူမ ရွာပြင်သို့ ဘယ်တော့မှ ထွက်မလည်ခဲ့သလို ရွာသားတွေနှင့်လည်း အဆက်ဆံ မလုပ်ခဲ့ပေ။ ရွာသားတွေက သူမကို မာနကြီးသူ၊ အတွက်ကြီးသူဟု ထင်ကြသည်။ မည်သို့ပင် ထင်ထင်၊ သူမအတွက်တော့ ကိစ္စမရှိ။

သူမ ရေတော်ရွာသို့ရောက်ပြီး တစ်လခန့်အကြာတွင် ထူးခြားသော အဖြစ်ပျက်တစ်ခု ကြုံခဲ့သည်။ ထိုညက လဆန်းရက်မို့ လကသာနေသည်။ အချိန်က ညရှစ်နာရီသို့။ သူမအမှောင်ထဲတွင်ထိုင်ကာ ပင်လယ်ကို ကြည့်နေမိနိုက်ဖြစ်၏။

ပင်လယ်ပြင်မှ လှိုင်းပုတ်သံတွေကို ကြားနေရ၏။ ထိုအသံမှာ ညစဉ်ကြားနေကျမို့အဆန်းတော့ မဟုတ်တော့ပါ။ သို့သော် ပင်လယ်ကမ်းပါးမှ ခိုးနိုးနှံ့နဲ့လူတစ်ယောက် တက်လာတာတွေ့ရသည်။ ပထမတော့ တံငါသည် တစ်ဦးဖြစ်နေမလားဟု ထင်မိသော်လည်း သေသေချာချာကြည့်သည့်အခါ တံငါသည်အသွင်ဟန်ပန်မျိုးမဟုတ်။ ဂျင်းဘောင်းဘီနှင့်တီရှပ်နှင့်။

"အို ... သူ ... သူ တကယ်လာနေတာပါလား"

မားနှင့်ထိုးလိုက်သော ညက အဝတ်အစားတွေကို သူမပြန်မှတ်မိလိုက်သည်။ သည့်ဝတ်စုံမှသည့်ဝတ်စုံ။ လာနေပုံကလည်း ဗိုက်ကိုလက်နှင့်ဖိလျက် ခရီးခယိုင်လာနေခြင်းဖြစ်၏။

"အူးဝူးဝူး ... အူဝူးဝူး"

ခွေးတစ်ကောင်က ဆွဲဆွဲငင်ငင်အူလိုက်သည်။ သူမကြက်သီးတွေ ဖြန်းခနဲ ထသွားသည်။ ထိုလူရိပ်က သူ့အိမ်ဆီသို့ တည့်တည့်မတ်မတ်လာနေခြင်းဖြစ်သည်။





"နင် ... ငါ့ဆီကို ဘာလာလုပ်မှာလဲ"

သူ့ခြံအနားသို့ ရောက်သွားချိန်တွင် ဖျပ်ခနဲ ပျောက်သွားသည်။

"သူ ... ငါ့အိမ်ထဲကို ဝင်လာမှာလား"

မမ အခန်းတံခါးကို သေသေချာချာပိတ်လိုက်၏။ သူမ သတ္တိတွေ မွေးရဦးမည်။ ခြံဝမှ ညည်းညူသံကိုကြားနေရ၏။

"အား ... ကျွတ် ... ကျွတ် ..."

အသံကို ပီပီပြင်ပြင်ကြားရသည်မဟုတ်။ သူမ အမြင်အာရုံတွေ အကြားအာရုံတွေ လွဲချော်နေခြင်းပေလား။ သူမကိုယ်တိုင်လည်း အတတ်မသိတော့ပါ။ ခဏအကြာတွင် ခွေးအူသံတွေ ငြိမ်သက်သွားသလို၊ ညည်းညူသံလည်း ပျောက်သွားသည်။

ထိုညက ထိုမျှသာ ဖြစ်သော်လည်း အကြောက်တရားက ပိုမိုကြီးထွားသွားသည်။ နောက်နေ့များတွင် မမသည် ပုံမှန်မဟုတ်သော စကားများကို ဆိုလာသည်။

"ဟဲ့ ... မိပုံ ... ဒီချိန်အနီးနားတစ်ဝိုက်မှာ ဓားထိုးခံရတဲ့လူတစ်ယောက်ကို တွေ့ဖြစ်သေးလား"

"ဓားထိုးခံရတာ"

"အသက် (၂၀)ကျော် ကောင်လေးတစ်ယောက်လေ"

"မတွေ့မိပါဘူး အန်တီလေးရဲ့"

"သူ ... ညတိုင်း ငါ့ဆီကို လာလာနေတာအော့"

"အန်တီလေးကလည်း မဟုတ်ကဟုတ်က"

"အဲဒီကောင်လေးက လူမဟုတ်ဘူး။ သရဲ ... သရဲ"



www.burmeseclassic.com

www.burmeseclassic.com



ပုံပုံမှာ ကလေးပီပီ တုန်တုန်ယင်ယင်ဖြစ်သွားသည်။ ယုံရခက်ခက်၊ မယုံရခက်ခက်၊ လူကြီးစကားမို့လည်း ဘာမှုမငြင်းသာ။

"ဒါ ယောက်ျားတွေကို အရမ်းမုန်းတာ"

"ဘာလို့မုန်းတာလဲဟင်"

"မိန်းမတွေကို စော်ကားလို့ပေါ့အေ့"

"ယောက်ျားတိုင်းလားဟင်"

"ဟုတ်တယ် ــ ဟုတ်တယ်"

"ပုံပုံတို့ အဖေကတော့ ပုံပုံတို့ အမေကို မစော်ကားပါဘူး"

"အချိန်မတန်သေးလို့ပါအေ၊ အခု မစော်ကားရင်တောင် နောက်ကို စော်ကားမှာ မယုံရင်စောင့်ကြည့်နေ"

ထိုစကားက တစ်ရွာလုံးကို ပျံ့သွားသည်။ တချို့က သူမအကြောင်းကို သိနေသည်မို့ နားကြည့်းလွန်းပြီး ပြောမိပြောရာ ပြောတာပါဟု ဆိုၾ။ တချို့ကလည်း စိတ်ဖောက်ပြန်သွားပြီလားဟု သုံးသပ်ကြသည်။ တချို့ကလည်း သူ့ကျန်းမာရေးကို ဂရုစိုက်သင့်သည်ဟု အကြံပြုသည်။

"အခုနေ့နောက်ပိုင်း ညဘက်မှာ အဲဒီအိမ်ကြီးဆီက သီချင်းဆိုသံလိုလို ဘာလိုလိုကြားရတတ်တယ်ဗျ"

"ဒီမိန်းမ ကိုယ်ဝန်က အပျိုဗိုက်မို့လို့လားမသိဘူး၊ သိပ်မထွက်ဘူး"

"ဘာပဲပြောပြော၊ သနားစရာတော့ ကောင်းပါတယ်"

ရွာသားတချို့၏ မှတ်ချက်ပြုကြသော အသံများပင် ဖြစ်၏။ သည့်လိုနှင့် မမသဒ္ဒါ ရေတော်ရွာသို့ရောက်ပြီး နှစ်လကျော်ကျော်ကာလ မနက်ပိုင်းအချိန်တွင် ပုံပုံမှာ ဟင်းချက်စရာ သွားရောက်ပေးသည့်အခါတွင် ထိတ်လန့်





စရာကောင်းသော မြင်ကွင်းကို တွေ့ရလေသည်။

ယင်းမှာ ــ မမအခန်းထဲတွင် လဲနေခြင်းဖြစ်ပြီး ကလေးမှာအပြင်သို့ ထွက်နေခြင်းပင်။ ပုံပုံ့အသံက ရွာထဲတွင် ကျယ်ကျယ်လောင်လောင်ဖြစ်သွားသည်။

"လာကြပါဦးရှင်၊ လာကြပါဦး ــ အန်တီလေးအခန်းထဲမှာ ဘာဖြစ်လို့မှန်းမသိဘူး"

ဒွေးလေးမယ်တင်က နားမလည်သလိုဖြင့် ــ

"ဟဲ့ ــ အခန်းထဲမှာ ဘာဖြစ်နေလို့လဲ"

"အခန်းထဲက ကြမ်းပြင်ပေါ်မှာ လဲကျနေတာ ကလေးက အပြင်ကိုထွက်လို့ အမလေး ကြောက်စရာကြီး"

ရွာသားတွေ ရုတ်ရုတ်သည်းသည်းဖြစ်ကုန်သည်။ အိမ်ကြီးရှိရာသို့ ရောက်လာကြသည်။

"အမလေး ــ ဘုရား ... ဘုရား"

ထိုအချိန်တွင် မိခင်နှင့်ကလေးပါ အသက်မရှိတော့ပါ။

ကလေး၏ ရုပ်ဆင်းအသွင်သဏ္ဌာန်မှာ ကလေးဟုပင် ပြောရခက်လှ၏။

"အယ် ــ ကြည့်စမ်းပါဦး၊ ဘီလူးလေးတော်၊ ဘီလူးလေး"

"ကျုပ်အမြင်တော့ သရဲ ဒါမှမဟုတ်ရင် မှင်စာပေါက်စနလေးပဲ"

မိန်းမတချို့က ကလေးကိုမကိုင်ရဲ၊ မထိရဲ၊ သူမသေဆုံးခြင်းနှင့်ပတ်သက်၍ အဆက်အနွယ်များကို လိုက်သောအခါ မျိုးမျိုးဒွေးမှတစ်ဆင့် သူမအိမ်သို့ လုမ်းအကြောင်းကြားသည်တွင် နောက်ဆက်တွဲ လူသတ်မှုပေါ်သွားခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ တာဝန်ရှိသူတွေက အလောင်းကို သွားရောက်စစ်ဆေးကာ လုပ်ဆောင်စရာရှိသည်တို့ကို လုပ်ဆောင်ပြီး သဂြိုဟ်လိုက်ကြ၏။ သူမသေဆုံးသွားပြီးသည့်နောက်ပိုင်း ထိုအိမ်မည်းကြီးမှာ နာမည်ပိုကြီးလာခဲ့ခြင်းဖြစ်၏။ ဘယ်ယောက်ျားမှ သွားမအိပ်ရဲကြ။ အကဲစမ်းလိုသဖြင့် သွားရောက်အိပ်ကြသော ယောက်ျားမှာလည်း ခြောက်သည့်ဒဏ်ကို မခံနိုင်ဘဲ ထွက်ပြေးကြရလေသည်။ နောက်ပိုင်းတွင် ရောဂါအတိအကျမသိရဘဲ ရှေ့ဆင့်နောက်ဆင့် သေဆုံးသွားကြလေသည့်ချည်းသာ။

မှိုးကျော် ရေးသားမှတ်တမ်းတင်ထားသော ဇာတ်လမ်းမှာ သည်နေရာတွင် အဆုံးသတ်ထားသည်။ ဇာတ်ကောင်(၃)ယောက်မှာ အဓိကဖြစ်သည်။ သည်အထဲတွင် မမသဒ္ဒါနှင့်ညီညီဇော်တို့၏ အဖြစ်ပျက်ကပို၍ နောင်တရစရာပင်။ လောဘ၊ ဒေါသ၊ မောဟတို့နှင့် ပေါင်းကူးဖွဲ့တည်ထားမှုဖြစ်သည်။

ပြုသူအတွက်လည်း အကျိုးမရှိ၊ ခံရသူဘက်ကလည်း မျက်နှာပန်းမလှ။ သူသည် စာမှုကို ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ။ ထပ်ခါ ထပ်ခါ ဖတ်ဖြစ်နေသည်။ ဖတ်တိုင်းလည်း ဇာတ်ကောင်တွေက ရုပ်လုံးကြွနေတတ်၏။ ထိုသူသေသူတို့၏ ဝိညာဉ်တွေက သူ့အနားသို့ မကြာမကြာရောက်လာတတ်သည်ဟူ၍လည်း ထင်နေမိ၏။

* ❦ *



## ဦးခေါင်းတို့ ဖွင့်ပြသူ

မင်းခ စိုက်ခင်းထဲတွင် ကြော်စားရန် ဆလပ်ရွက်များခူးနေစဉ် ခြံရှေ့သို့ကားအဖြူလေး တစ်စီး ထိုးရပ်လာသည်။ သူက ကားမတူသော်လည်း အဖေများလားဟု တွေးလိုက်မိသေးသည်။ မဟုတ်ပါ။ ကားပေါ်မှ ဆင်းလာသောသူကို မမြင်ဘူးပါ။

ထိုသူက ထောင်ထောင်မောင်းမောင်း ချောကလက်ရောင် ရှပ်အင်္ကျီလက်ရှည်နှင့် စတိုင်ဘောင်းဘီအနက်တို့ကို ဝတ်ဆင်ထားသည်။ လူရည်သန့်ထဲကပင်ဖြစ်၏။ လက်တစ်ဖက်က နှုထင်ကြောတွေကိုနှိပ်လျှက် သူ့ထံလျှောက်လာတာတွေ့သည်။

"ဒီမယ် ... နောင်ကြီး၊ ကျုပ်ကို တဆိတ်လောက်အကူအညီပေးပါလား"

"ဘာလဲ"

"ခေါင်းတွေ မခံမရပ်နိုင်အောင် ကိုက်နေလို့ ဒဏ်ကြေလိမ်းဆေး



www.burmeseclassic.com

www.burmeseclassic.com



လေးများရှိရင် ... ”

ဘယ့်နှယ့် ကားနင့်လာသူတစ်ဦးက လုမ်းမကျယ်ကြီးနှင့်အလှမ်းဝေးသော သူ့ခြံသို့ ဘာကြောင့်ဆေးလာတောင်းရပါသလဲ။ လမ်းတစ်လျှောက် တစ်ဆိုင်မဟုတ်တစ်ဆိုင် ရနိုင်သည်ပဲ။

ပြီးတော့လည်း ကြည့်ဦး။

သူ့နားထင်နှစ်ဖက်စလုံး အကိုက်ခဲပျောက် ပလာစတာတွေ ကပ်ထားတာပြည့်လို့။

“လုပ်ပါနောင်ကြီးရယ် ... ကျုပ်ခေါင်းတွေ မနေနိုင်အောင်ကိုက်နေလို့ပါ”

“ဆေးခန်းသွားပေါ့ဗျ ... ခင်ဗျားမှာကားပါနေသားပဲ”

“ဆေးခန်းက ဒီနားမှာ မရှိဘူးလေဗျာ”

မင်းခ စိတ်နည်းနည်းအိုက်သွားသည်။ သူ့ပုံကိုကြည့်ရတာ ခေါင်းကိုက်တာနှင့်မတူဘဲ ကျည်ဆံတစ်တောင့် ခေါင်းထဲရောက်နေသလို ဖျပ်ဖျပ်လူးနေတာတော့ နာခေါင်းရှုံ့မိသည်။

“လုပ်ပါဗျာ ... ခင်ဗျားကျေးဇူး ကျုပ်မမေ့ပါဘူး”

“ကျေးဇူးမေ့တာတွေ မမေ့တာတွေ အသာထား၊ ကျုပ်မှာ ဒဏ်ကြေဆေးဘူးရှိမရှိ ပြန်စဉ်းစားလိုက်ဦးမယ်”

ဘယ်လိုလူထူးလူဆန်းနဲ့မှ လာတွေ့ရပါလိမ့်ဟု သူစဉ်းစားမရဖြစ်နေသည်။ ထိုသူက မင်းခအနားတွင် ဆောင့်ကြောင့်လေးထိုင်က တအင်းအင်း တအဲအဲ ညည်းညူနေသည်။

“ကိုင်း ... ကိုင်း ... ထ ... ထ ကျုပ်အိမ်ကိုလိုက်ခဲ့”





သူက စိတ်မရှည်စွာဆိုလျှက် ထိုသူအား အိမ်ဆီသို့ခေါ်သွားလေသည်။ အိမ်သို့ရောက်သောအခါ ထိုသူအိမ်ပေါ်ပင်မတက်ဘဲ အိမ်ကပျဉ်မှာသာ ထိုင်ကျန်ရစ်၏။

“အား ... ကျွတ် ... ကျွတ် အမေရေ ... ကယ်ပါ”

သူ ဒဏ်ကြေလိမ်းဆေးဘူးကိုရှာသည်။ အခွံတွေသာတွေ့သည်။ အခွံတွေဆိုတာတောင် ဘာအနံ့မှ မရတော့ဘဲ ပြောင်သလင်းခါနေသည့်အခွံတွေ။

“အခွံတွေပဲ ရှိတော့တယ်ဗျို့”

သူက အိမ်ပေါ်မှ လှမ်းအော်သည်။

“အား ... အမလေး ကျွတ် ကျွတ် ... ဒုက္ခတော့ရောက်ပါပြီ ဘုရား ဘုရား ... ”

“ခင်ဗျားနယ်ဗျာ၊ ခေါင်းကိုက်တာလေးများ၊ ယောက်ျားမဟုတ်တဲ့ အတိုင်းဘဲ”

“ခင်ဗျားမှ ကိုယ်တိုင်မကြုံဘူးတာ”

သူရှာရင်းဖွေရင်း ဖျပ်ခနဲ သတိရလိုက်သည်။ တလောက ကုန်နေပြီဆိုသဖြင့် ဝယ်လာသော ဘူးအသစ်ကြီးရှိနေတာပဲ၊ သူက ဘုရားစင်တွင် တင်ထားလိုက်မည်ဟု ပြောသေးသည်။

ဟုတ်သည်။

ဘုရားစင်တွင် တကယ်ရှိနေပါသည်။

“ခင်ဗျား ... ကံကောင်းတယ်ဗျို့၊ ကျုပ်တပည့်ဝယ်လာတာ မနေ့သို့ ဟောဒီမှာ ဘူးအသစ်ကြီး”

သူက မျက်နှာတစ်ခုလုံး ရှုံ့မဲ့နေသူကို လှမ်းပေးလိုက်သည်။

www.burmeseclassic.com



"ကံကြီးပေလို့ဗျာ ... ကျေးဇူးပဲ"

ထိုသူက အလျင်စလိုပင် ဘူးကိုဖွင့်ကာ ဆေးများအား လက်ဖြင့် ထိုးကော်လိုက်သည်။ ဘူးတစ်ဝက်နီးပါးလောက်ပင်။ နားထင်မှ ပလာစတာများကို ခွာလျက် ညာဘက်သို့ ထိုးကော်ထားသည့်အတိုင်း ပုံလိုက်သည်။

မင်းခ မျက်လုံးပြူးသွားသည်။ ဆေးလိမ်းတာနှင့်မတူ။ ဆေးဆိုးတာနှင့်တူနေသည်။ သည်လောက်ကြီးတော့ မဟားတရားပင်။ နောက် လက်ညှိုးဖြင့် ထိုးကော်လိုက်ပြန်သည်။ ပုလင်းထဲတွင် ပြောင်လုနီးပါး သူလုပ်ရပ်ကြောင့် သဒ္ဒါတရားပင် မဲ့ချင်သွား၏။ ပြီးတော့ ဘယ်ဘက်တွင် ပုံလိုက်ပြန်သည်။ ယင်းနောက် ပုလင်းကိုဘေးချကာ လက်နှစ်ဖက် အပြိုင်ပွတ်နေပါတော့၏။

"ဘုရား ... ဘုရား"

သည်လူ စောစောကလို မဟုတ်တော့။ မျက်နှာက ပြုံးပြုံးရွှင်ရွှင်ဖြစ်လာသည်။ ဆေးအဆီတွေက ပါးပြင်တစ်ခုလုံး ပေလူးနေ၏။ ဘယ်လောက်များ ပူလိုက်ပါလိမ့်မလဲ။ သည်လူ လူကောင်းမှ ဟုတ်ရဲ့လား။

"ကျေးဇူးပဲဗျို့ ... အကြောတစ်ချောင်း ထပ်မပြတ်ဖို့ အချိန်မီ ကုလိုက်နိုင်ပြီ"

"ဘာရယ်ဗျ"

"ကျုပ်ခေါင်းထဲက အကြောတစ်ချောင်းက ပြတ်ထားပြီးသားလေ။ နောက်ထပ် မပြတ်အောင် ကြိုတင်ကာကွယ်လိုက်တာ"

"အရင်က ဘာအကြောပြတ်တာလဲ"

"ဦးနှောက်သွေးကြော"

"မဟုတ်တာဗျာ"





"ဟုတ်ကို ဟုတ်တယ်၊ ကျုပ်မိန်းမပေါ့ဗျာ၊ ကျုပ်ဆီကပစ္စည်းတွေယူပြီး လင်ငယ်နဲ့စောစောစီးစီးနေချင်တာကြောင့် သွေးတိုးစာတွေ ချော့ကျွေးပြီး ဦးနှောက်သွေးကြော ဖြတ်လိုက်တာပဲ၊ ကျုပ်နာမည်က ဖေမင်း။ ကျုပ်မိန်းမက မမသဒ္ဒါ၊ မယုံဘူးလား ... မယုံရင် ဟောဒီမှာကြည့်၊ သူဖြတ်ထားတဲ့ ဦးနှောက်သွေးကြောကို တွေ့ရလိမ့်မယ်"

သူက ပြောပြောဆိုဆို လက်နှစ်ဖက်က ဆံပင်တစ်ဖက်တစ်ချက်ဆီကို ကိုင်သည်။ ထို့နောက် ဆွဲခွာလိုက်သည်။ ခေါင်းကြီး ထက်ခြမ်းကွဲသွားသည်။ ထို့အတူ မျက်နှာလည်း နှစ်ခြမ်းခွဲသွားသည်။ ခေါင်းထဲမှ ဦးနှောက်တွေ ထွက်ကျလာတာ အတိုင်းသားတွေ့လိုက်ရ၏။

"အား"

* ✌ *



www.burmeseclassic.com

www.burmeseclassic.com

## အခြေ ... အနေ ... အရပ်ရပ်

အိမ်လေးက တစ်ထပ်တိုက် အပုလေးဖြစ်သည်။ မီးခိုးရောင်ပျော့ပျော့လေးသုတ်ထားသည်။ ဥရောပဆန်ဆန်ပုံစံမျိုး။ ခြံထဲတွင် သစ်ပင်တွေက ပြည့်နေသည်။ နေ့လည်ခင်းတွင်ပင် နေပျောက်တိုးနိုင်မည်မထင်။

အိမ်ရှေ့နှင့်မလှမ်းမကမ်းတွင် ကုလားထိုင်များနှင့်ချစ်စဖွယ်စားပွဲဝိုင်းပုလေးရှိသည်။ ယင်းတွင် လူနှစ်ယောက်စကားစမြည်ပြောနေကြသည်။ တစ်ဦးက မင်းခေါင်ဖခင် ဦးမြတ်သာ။

တစ်ဦးက မင်းခေါင်သူငယ်ချင်း သောင်းဒန်။

"အန်ကယ်လည်း သူ့ကိုဘယ်လိုနားလည်ရမှန်း မသိတော့ပါဘူး။ မောင်သောင်းဒန်ရယ်၊ တစ်နေ့ ... တစ်နေ့ သူ့အတွက် ရင်လေးနေရတာ အမှန်ပဲ၊ ခုဆို ... သူဒီလိုဖြစ်နေတာ (၂)နှစ်နီးပါးရှိတော့မပေါ့"

"ဟိုတစ်ခါ စိတ်ကုဆရာဝန်ကို ပြကြည့်တော့ ဘာပြောလဲ"

"သူ့အတွက် တော်တော်ကြီး ထိတ်လန့်စရာကောင်းတဲ့ မြင်ကွင်းကို





တွေ့ခဲ့ရလိမ့်မယ် ... အဲဒီကစပြီး ကယောင်ချောက်ချားဖြစ်သွားတော့တာပဲတဲ့"

"ဝဏ္ဏပြောတော့ သူဖတ်နေတဲ့ စာမူထဲက ဇာတ်ကောင်တွေဟာ သူ့ဆီပုံစံတစ်မျိုးမျိုးနဲ့ ရောက်လာတတ်ကြတယ်တဲ့၊ သူကသာဖြစ်နေတာ ဝဏ္ဏက ဘာမှမြင်တာမဟုတ်ဘူး။ အနည်းဆုံး တစ်ပတ်ကို တစ်ခါလောက်တော့ ဖောက်သာတတ်တယ်ပြောတာပဲ"

"သူ့စာမူက ဘာစာမူလဲ"

"ဝဏ္ဏဖတ်ကြည့်တာကတော့ ဖောက်ပြန်တဲ့ယောက်ျား(၂)ယောက်နဲ့ မိန်းမတစ်ယောက်အကြောင်း ရေးထားတာတဲ့၊ အဲဒီအထဲမှာ အားလုံးက သေကုန်ကြတယ်"

"ဒါဆို တရားခံဟာ အဲဒီစာမူပဲဖြစ်မယ်"

"သူ့သူငယ်ချင်းတွေဆီသွားတုန်းကရော ဘာဖြစ်ခဲ့တယ်လို့ အန်ကယ်ကိုပြောလဲ ..."

"ဘာမှမပြောဘူး"

"ဟိုက ဘယ်ထွက်သွားမှန်းမသိလို့ လိုက်ရှာကြသေးတယ်ဆို"

"ဟုတ်တယ် ... သူဘယ်သူ့ကိုမှ အသိမပေးဘဲ တိတ်တိတ်လေးထွက်လာခဲ့ပုံပဲ၊ ဒါဟာလည်း စဉ်းစားစရာအချက်တစ်ချက်ပါ"

"အန်ကယ် ပေါ့ပေါ့လျော့လျော့ မလုပ်နဲ့နော်၊ ဆေးရုံခေါ်သွားပြီး အထူးကြပ်ကြပ်မတ်မတ်နဲ့ ကုသသင့်ပြီ၊ ဒီအတိုင်းလွှတ်ထားရင် သူ့အတွက် သိပ်ပင်ပန်းလွန်းတယ်"

"အန်ကယ့်ဘက်ကတော့ တာဝန်ကျေပြီးသားပါ မောင်ရင်ရယ်၊



www.burmeseclassic.com

www.burmeseclassic.com



နို့ပေမယ့် သူက အန်ကယ်ပြောတာကို လက်မခံတာ အခက်သားလား၊ အရင်ကလည်း ခပ်စိမ်းစိမ်းနေကြတော့ ခု – ပိုဆိုးတာပေါ့၊ မောင်သောင်းဒန်တို့လည်း ဝိုင်းဝန်းဖြောင်းဖျကြပါဦး''

''ကျွန်တော့်မှာ အပြင်အလုပ်တွေရှုပ်နေတာနဲ့ ခြံထဲကို တစ်ခါ တစ်ခါမှ ရောက်တာ အန်ကယ် – စိတ်ချပါ၊ ကျွန်တော်ရောက်တဲ့အခါ နားဝင်အောင် ပြောကြည့်ပါ့မယ်''

''သူက သူ့အရူးမဟုတ်လို့ ဆေးရုံတင်စရာမလိုဘူးတဲ့၊ ဒါပေမယ့် သူဖြစ်နေတာတွေက စိတ္တဇဆန်ဆန်တွေ၊ သူတစ်ယောက်တည်းကို ဖြစ်နေတာတွေ၊ ကိုင်း … ဒီတော့ ဘယ်လိုတွေးမလဲ''

သောင်းဒန်က အလေးအနက် ခေါင်းညိတ်သည်။

''သူ့ဆီမှာရှိတဲ့ စာမူကို ဘယ်လိုရတာလဲ၊ ဘာကြောင့် အဲဒီထဲက သေသွားတဲ့ ဇာတ်ကောင်တွေကို ထိတ်လန့်နေရတာလဲ၊ ဘာကြောင့် သူ့ဆီ ရောက်လာတယ်လို့ မြင်နေရတာလဲ၊ အဲဒီစာမူရဲ့ဖစ်မြစ်ကို အရင်ဆုံးသိဖို့လိုမယ် … အန်ကယ်''

''အန်ကယ်လည်း ဒီလိုပဲတွက်တယ်၊ အင်းလေ … ဘာပဲဖြစ်ဖြစ် သူနေကောင်းလာအောင်တော့ ဂရုစိုက်ပြီး ကြိုးစားရမှာပဲ''

သူတို့နှစ်ယောက်၏ စကားဝိုင်းလေးမှာ အတန်ငယ်ပြတ်တောက်သွားပြန်ပါ၏။

✲ ❦ ✲

## တနင်္ဂနွေနေ့တစ်နေ့

ထိုနေ့က တနင်္ဂနွေနေ့၊ မင်းခ ငွေအသုံးပြတ်သွားဖြင့် အဖေ့အိမ်ပြန်လာခဲ့သည်။ အဖေက သူ့ကိုစေ့စေ့ကြည့်လျက် –

''မင်း – နေကောင်းရဲ့လား''

သူနည်းနည်း ကျွဲမြီးတိုသွားပြီး …

''နေမကောင်းရင် အဖေ့ရှေ့ရောက်လာပါ့မလားဗျ''

''ဪ … ခက်နေပြန်ပြီ၊ အိပ်ရာထဲလဲနေမှ နေမကောင်းဘူးလို့ ပြောတာမဟုတ်ဘူး။ တိုတိုထွာထွာလေးတွေလည်း အကျုံးဝင်တာပဲ၊ ကိုင်း တစ်ခုမေးမယ်၊ မင်းည, ညဆို အိပ်ပျော်ရဲ့လား''

သူပျော်တဲ့အခါတွေရှိသလို မပျော်တဲ့ရက်တွေက ခပ်များများ။ ဟိုငွေ့သည်တွေးနှင့် ကြောင်စီစီဖြစ်နေတတ်သည်။

''ပြောလေကွာ''

''မပျော်တစ်လှည့် ပျော်တစ်လှည့်ပဲ''

www.burmeseclassic.com



"အစားအသောက်ရော"

"အဲဒီအတိုင်းပဲ"

"မင်းကိုယ်မင်း မှန်ထဲပြန်ကြည့်ရဲ့လား"

"ဘာဖြစ်လို့လဲ"

"အရင်ရုပ်တစ်စက်မှမရှိဘဲ ပိန်သွားတာကို"

"ဒါတော့ ဘယ်တတ်နိုင်ပါ့မလဲ၊ သူ့ဘာသာသူ ဖြစ်သွားတဲ့ဥစ္စာ"

"မင်းကို စကားပြောရတာ လက်ပေါက်ကပ်လိုက်တာကွာ"

"ဒါဆိုလည်း ပိုက်ဆံသာ မြန်မြန်ပေးလိုက်တော့"

"မင်း ... မော်ဘီမှာ ဘယ်လောက်ထိနေမှာလဲ"

"ကျွန်တော့်စိတ်ထဲရှိသလောက်"

အဖေက သက်ပြင်းကို အသာချသည်။ ထို့နောက် ငွေကို ထုတ်ပေးရင်း ...

"မင်းကိုသောင်းဒန်က တွေ့ချင်နေတယ်လို့ ပြောတယ်"

"တွေ့ချင်ရင် မော်ဘီလာတွေ့ ဖြစ်တာပဲ"

ထို့နောက် သူ အဖေ့အိမ်မှ ထွက်လာခဲ့သည်။ လောလောဆယ် မော်ဘီသို့ မပြန်ချင်သေး။ ထို့နောက် ရွှေတိဂုံဘုရားဘက် ထွက်လာခဲ့သည်။ ဘုရားကိုရောက်တော့ တစ်ခါက ဗေဒင်ဆရာ နန္ဒကျော်ကို သတိရသွားသည်။

မကြာခင် နှစ်အနည်းငယ်အတွင်း အမှုအခင်းနှင့်ကြုံမည်တဲ့။ ဘယ်တော့ဖြစ်မှာလဲ။ ဘယ်လိုတွေ ရှောင်ရမှာလဲ၊ ခရီးမထွက်ပါနဲ့ ဟူ၍ ပြောတာတော့ သွေးထွက်အောင် မှန်နေသည်မို့လား။

အကယ်၍သာ သူဇာတိမြေလေးသို့ မသွားခဲ့လျှင် ယခုလို စိတ်ရှုပ်





ရောကောင်းသည့် အဖြစ်မျိုးဖြစ်လာမှာမဟုတ်။ ထို့ကြောင့် သူဗေဒင်ဆရာကို တွေ့ချင်နေသေးသည်။ ဆောင်းတန်းကိုရောက်တော့ ဗေဒင်ခန်းကိုရှာသည်။ အခန်းမှာ ပိတ်ထားတာတွေ့သည်။ ဆိုင်းဘုတ်လည်းမရှိတော့။ ထို့ကြောင့် သူရင်မောသွားသည်။

"ဘယ်နေရာ ပြောင်းသွားပြန်ပြီလဲ"

သူ အနီးနားတစ်ဝိုက် စုံစမ်းကြည့်သေးသည်။ သတင်းအစအနပင် ခရ။ ထို့ကြောင့် စိတ်လျှော့ကာ ဘုရားပေါ်တက်လာခဲ့သည်။ ရုံးပိတ်ရက်မို့ ရင်ပြင်တော်ပေါ်တွင် ဘုရားဖူးလာသူများ၏။

မင်းခ ကြာသာပတေးနံထောင့်သို့ လျှောက်လာခဲ့သည်။ ရောက်သောအခါ ဝတ်ပြုသည်။ ဝတ်ပြုနေဆဲမှာပင် စိတ်ထဲတွင် တစ်မျိုးဖြစ်လာ၏။ တစ်စုံတစ်ရာက သူ့ကိုအကဲခတ်နေသလို ခံစားလာရ၏။ ထို့နောက် မျက်လုံးကို အသာဖွင့်ကာ ဘေးဘီသို့ မသိမသာအကဲခတ်သည်။ သူ့လို ဝတ်ပြုနေသူတချို့ကိုသာ တွေ့သည်။ ထူးထူးခြားခြားဘာမျှမရှိ။ ထို့ကြောင့် စိတ်ကိုပြန်တည့်မတ်ကာ ဆက်လက်ရှိခိုးနေလိုက်၏။

ဆုတောင်းမှုများပြုပြီးသောအခါ ရေသပ္ပာယ်ခြင်းကို ပြုလုပ်သည်။ ယင်းနောက် ဘုရားဆင်းတုတော်ရှေ့မှ ထွက်လာခဲ့၏။ ယင်းအခိုက် ...

"ဟာ"

သူ့ကို တစ်နေရာမှ စိမ်းစိမ်းကြီးကြည့်နေသော မိန်းမတစ်ယောက်။ သူမတွေ့ချင်သော မိန်းမတစ်ယောက်။ ထို့ထက်ပိုပြောရလျှင် ယောက်ျားတွေကို မုန်းနေသည့်တစ္ဆေ။

မမသဒ္ဒါ ...



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ဒီနေရာကို ရောက်နေရပါသလဲ။

သူတစ်ကိုယ်လုံး အေးစက်သွားသည်။ သူမကို ကြာကြာပြန်မကြည့်ရဲပါ။ ထို့ကြောင့် ခပ်သုတ်သုတ်ပင် အရှေ့ဘက်မုခ်ဆီသို့ လျှောက်လာခဲ့သည်။ ခပ်လှမ်းလှမ်းသို့အရောက် စိတ်မချသဖြင့် နောက်သို့လှည့်ကြည့်မိသည်။

လူအုပ်ကြားထဲမှ လိုက်လာနေသော မမ။

အနီရောင်ရဲရဲကို ဝတ်ဆင်ထားသည်။ ဆံပင်ကို ဖားလျားချထားသည်။ လက်တွင် ကြာပန်းတွေ ကိုင်ထားသည်။

"ဟင် ... လိုက်လာပြီ"

သူ့ကို ဘာလို့အမျိုးမျိုး ဒုက္ခပေးချင်ရတာလဲ။

ရင်ပြင်တော်ပေါ်မှ ခပ်သွက်သွက်ဆင်းလိုက်သည်။ အတက်လူတွေကို ရှောင်ရှားရတာ အခက်ခဲရှိသည်။ သို့သော် မတတ်နိုင်။

"ဟေ့လူ ဘာဖြစ်တာလဲ"

ဘုရားရှိ လုံခြုံရေးဝန်ထမ်းတစ်ဦးက သူ့ကိုလှမ်းမေး၏။ သူ၏ ပျာယီးပျာယာနိုင်နေသော အမူအရာကြောင့် ဖြစ်နိုင်ပါသည်။

"ဟို ... ဟို ... "

သူက နောက်သို့လှမ်းကြည့်သည်။ လူကများသောကြောင့် ချက်ချင်း မတွေ့နိုင်။ မေးနေသူအား ဘာဖြေလို့ဖြေရမှန်းမသိ။

"အဲ ... ဘာမှမဟုတ်ပါဘူး"

"ခင်ဗျား ဒီဘက်ကို ခဏလောက်လာပါ"

"ဘာလုပ်မှာလဲ"

"တာဝန်အရ စစ်ဆေးစရာရှိလို့"





"ကျုပ်က လူကောင်းပါဗျ ... ဘာစစ်ဆေးစရာလိုလဲ"

"စိတ်မရှိပါနဲ့ တာဝန်အရမို့ပြောတာပါ"

သူ့စိတ်ထဲ အောင့်သက်သက်ဖြစ်သွားသည်။ ထိုမိန်းမကို စိတ်ထဲမှ ကျိန်ဆဲလိုက်သည်။ ခုတော့ ဘယ်ရောက်သွားရပါသလဲ။

လုံခြုံရေးက သူ့ကိုရှာဖွေသည်။ အဖေပေးလိုက်သော ငါးထောင်တန်တွေက ၂သိန်းကျော်သည်။

"ဒီငွေတွေက ဘယ်သူ့ငွေတွေလဲ"

"ကျုပ်လက်ထဲရှိတာ ကျုပ်ငွေပဲပေါ့ဗျ"

"ဒီငွေကို ဘယ်လိုရသလဲ"

"ကျွတ် ... ခက်လိုက်တာဗျာ"

"ဘယ်ကရတယ်ဆိုတာ ပြောလိုက်ရင်ပြီးပါပြီ"

သူ့အတော် စိတ်တိုသွားသည်။

"ကျုပ်အဖေဆီကဗျာ ... ကျုပ်အဖေဆီက"

လုံခြုံရေးဝန်ထမ်းက ထိုမျှနှင့်အားမရပါ။ အဖေ့နာမည်နှင့်ဟမ်းဖုန်းကိုမေးသည်။

အရှည်အရှည်ဖြစ်နေမှာစိုးသဖြင့် ပြောလိုက်သည်။ အဖေနှင့်ဖုန်း အဆက်အသွယ်ရပြီး ငွေပေးလိုက်တာ မှန်ကန်ကြောင်းပြောမှ သူ့ကိုတောင်းတောင်းပန်ပန်နှင့် ပြန်လွှတ်လိုက်၏။

"ငါ့ကို တော်တော် စိတ်ဒုက္ခပေးတဲ့ မိန်းမ ... "

ပြောသာပြောနေမိသော်လည်း ပတ်ဝန်းကျင်ကို ကြည့်ရသေးသည်။ နောက်ဘယ်နေရာမှ ဘွားခနဲပေါ်လာဦးမည်မသိ။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က သူဘယ်ကိုမှ သွားလိုစိတ်မရှိတော့သဖြင့် မော်တီသို့ Tax
ကားငှားကာ ပြန်လာခဲ့သည်။

✲ ✌ ✲



## ပွဲတျေးကို အပ်မည့်သူ

မျိုးကျော်ရေ ...

ငါရင်ဖွင့်ချင်တာလေးတွေ ရင်ဖွင့်ပါရစေကွာ၊ ဒါဟာလည်း ငါ့ရင်ထဲမှာ တင်းကြပ်နေတာတွေ တစ်စိတ်တစ်ပိုင်းလျော့ကျသွားကောင်လို့ပါ။ အဲဒီညက ...

အဲဒီအိမ်ကြီးမှာ ငါအိပ်ခဲ့တာ မင်းတို့လည်းအသိပါပဲ။

တကယ်ဆို ငါလည်း ပုထုဇဉ်တစ်ယောက်မို့ ကြောက်တတ်တာပါပဲ

ဒါပေမယ့် ငါ့ရဲ့မာနတရားက ငါ့ကို အလျှော့ပေးလိုက်ဖို့ ခွင့်မပြုခဲ့ဘူး

ပြီးတော့ ...

ကတိနဲ့သိက္ခာ

ယောက်ျားဆိုတာ ကတိပေးလိုက်ပြီဆိုတာနဲ့ အဲဒီကတိကိုတည် အောင်လုပ်ဆောင်ကြရတော့တာပဲ။ ဒါမှသိက္ခာဆိုတာ ရှိလာမှာပေါ့။ အမှန်အတိုင်းပြောရရင် အဲဒီညက ငါအတော်တုန်လှုပ်ချောက်ချားခဲ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်မှာတစ်ခါသာ ကြုံဖူးလိုက်တဲ့ အတွေ့အကြုံမို့လား။ အကြောက်လွန်ပြီး မေ့သွားရာက သတိရလာလို့ နာရီကိုကြည့်မိတော့ မနက်(၅)နာရီရှိနေပြီ။

ငါ့ရဲ့အနီးနားမှာ ဘာဝိညာဉ်မှ မရှိတော့ပါဘူး။

သည့်တစ်ခါတော့ ငါသေမှာပဲဆိုတဲ့အသိနဲ့ အိမ်ကြီးဆီက ထွက်လာခဲ့တယ်၊ မင်းတို့ဆီကို ငါပြန်လာဖို့ ရှက်နေခဲ့တယ်၊ ဒါကြောင့်လည်း ကားလမ်းအတိုင်း ပြန်လာခဲ့တယ်၊ လမ်းမှာ ခွေးတွေကအူ၊ တချို့ခွေးတွေက ဟောင်နဲ့ ငါ့စိတ်ထဲ ကမ္ဘာပျက်မတတ်ပါဘဲ။ ပိုဆိုးတာက အဲဒီမိန်းမရဲ့ ဝိညာဉ်ဟာ ငါ့နောက်ကို တစ်ကောက်ကောက်လိုက်လာတာပဲ၊

ဒါကြောင့် ခြေတုန်သုတ်ခဲ့ရပြန်တယ် သူငယ်ချင်းရယ် ...

ငါ့စိတ်တွေ ကြောင်စိစိဖြစ်လာခဲ့တယ်၊

မိုးလင်းကာနီးသို့ ဘုရားကုန်းနားရောက်မှ အဲဒီမိန်းမ နေရစ်ခဲ့တာ၊

မျိုးကျော် ...

ဒီလိုနဲ့ ငါအိမ်ကို မပြန်တော့ဘဲ သူငယ်ချင်းပိုင်တဲ့ လှည်းကူးတခြံထဲမှာ သွားနေခဲ့တယ်၊ မင်းပေးလိုက်တဲ့စာမူကို ဖတ်ပြီးပါပြီ၊ တစ်ကြိမ်တောင်မဟုတ်ပါဘူး၊ အကြိမ်ကြိမ်ပါပဲ၊

အဲဒီဇာတ်ကောင်တွေက ငါ့ရင်ထဲကို တဖြည်းဖြည်း ရောက်လာခဲ့တယ်၊ ပြီးတော့ ... လွှမ်းမိုးလာခဲ့တယ်၊ ချုပ်ကိုင်လာခဲ့တယ်၊ စိုးမိုးလာခဲ့တယ်၊ ဒါပေမယ့် စိတ်မကောင်းစရာက အဲဒီဇာတ်ကောင်တွေဟာ ငါ့ကို နည်းအမျိုးမျိုးနဲ့ နှိပ်စက်ကြတာပဲ၊

မမသဒ္ဒါဟာ ငါ့ဆီ ပုံစံတစ်မျိုးနဲ့ လာချောက်လိုက်





ညီညီဇော်က ငါ့ကို မထေမဲ့မြင်တွေပြောပြီး ချောက်လိုက်

ဦးဖမောင်ကလည်း ဘာထူးလို့လဲ အတူတူပါပဲ၊

ကြာတော့ ငါခံနိုင်ရည်စွမ်းမရှိတော့ဘူး သူငယ်ချင်းရယ် ...

စိတ်ညစ်နွမ်းမှုတွေဟာ တစ်ရက်ပြီးတစ်ရက် ပိုဆိုးလာခဲ့တယ်၊

တကယ်ပြောတာ ...

သူတို့ကြောင့် ငါ့ကိုယ်ငါ သတ်သေချင်တဲ့စိတ်တွေတောင် ဖြစ်ခဲ့ပါရဲ့၊ မျိုးကျော်ရေ ...

Note Book လေးမှာ

ကျွန်တော်

ဘယ်တော့မှ မယုံဘူး၊ ဘယ်တော့မှ မကြောက်ဘူးဆိုပြီး လက်မှတ်ထိုးခဲ့တာလေးကို ပြန်မြင်တိုင်း ငါအရမ်းရှက်တယ်ကွာ၊ ပြီးတော့ မင်းတို့နဲ့ငါ လောင်းထားကြတာလေ၊

ငါရှုံးသွားပါတယ် သူငယ်ချင်းရယ်၊ ကောင်းကောင်းကြီးကို ရှုံးခဲ့တာပါ၊ အဲဒီရှုံးကြေးကို ငါဆပ်ရမယ်၊

မဆပ်လို့ မရဘူး မဟုတ်လား သူငယ်ချင်းရယ်၊

ဟော ... ခုဆို မကြာခင်ရက်ပိုင်းမှာ ဘုရားပွဲစတော့မယ်၊

မင်းတို့နဲ့ငါ မတွေ့တာ (၂)နှစ်နီးပါးတောင် ရှိပြီပဲ၊

ဟုတ်တယ် ...

မင်းတို့ဆီ မရောက်ရောက်အောင် လာခဲ့ရမယ်၊

မျိုးကျော် ...

အခုလောလောဆယ်မှာတော့ သူတို့ဟာ ငါ့ကိုလိုက်အနှောင့်



www.burmeseclassic.com

www.burmeseclassic.com



အယုက်ပေးနေဆဲပါပဲကွာ၊ အရမ်းကို စိတ်ပျက်စရာကောင်းပါတယ်၊

ဒါပေမယ့် ...

ငါ သူတို့ကို ကာကွယ်နိုင်ဖို့ အမြဲဆောင်ထားတတ်တဲ့ လက်ဆောင်တစ်ခုရှိတယ် သူငယ်ချင်း။

အဲဒါ တခြားမဟုတ်ဘူး ...

တေးမြှောင်တစ်ချောင်းပါပဲ

✲ ✌ ✲



## နာကြည်းမှု၏ အဆုံးသတ်နိဂုံး

တပေါင်းလ ဘုရားပွဲစတင်နေပြီမို့ ယခင်နှစ်တွေလိုပင် စည်စည်ကားကားရှိသည်။ အလက်ာစုံသော ဇာတ်ပွဲများ၊ အသစ်ရောက်လာကြသော စျေးသည်များ အနည်းငယ်ပြောင်းလဲသွားသော ပုံပန်းသဏ္ဌာန်များမှလွဲလျှင် နဂိုအတိုင်းပင်။

ရွှေစည်းစိမ် လက်ဖက်ရည်ဆိုင်။

သည်ဆိုင်လေးက ကားဂိတ်နှင့်မလှမ်းမကမ်းတွင်ရှိသည်။ မျိုးကျော်နှင့်တင်မိုးတို့ ထိုင်နေကြသည်။ တစ်နှစ်ပြီးတစ်နှစ် ဖြတ်ကျော်ခဲ့ရသော ဘုရားပွဲတော်။ ပွဲတော်ရောက်ပြန်တော့ ရင်ခုန်ရသလို ပွဲတော်ပြီးပြန်တော့ ရင်ထဲမှာ တာတာတာ ကျန်ခဲ့ရစမြဲ။

"ဟေ့ကောင် ... မျိုးကျော်"

တင်မိုး ညွှန်ပြရာသို့ သူကမျှော်ကသော လှမ်းကြည့်လိုက်သည်။ လွန်ခဲ့သော (၂)နှစ်ခန့်က ဆုံခဲ့ဖူးသော ရသေ့ကြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီရသေ့ကြီးကို ပြီးခဲ့တဲ့နှစ်က မတွေ့လိုက်ပါဘူး"

"ဟုတ်တယ်"

မျိုးကျော်၏အဆိုကို တင်မိုးကထောက်ခံလိုက်သည်။ ပြောရင်းတန်းလန်း တစ်စုံတရာကို သတိရသွားကာ မျိုးကျော် ပြုံးမိသည်။

"မင်း ... မှတ်မိသေးလား၊ (၂)နှစ်အတွင်း ငါခန္ဓာချုပ်မယ်လို့ ပြောခဲ့တာလေ"

"မမှတ်မိဘဲနေပါ့မလား၊ မင်းတောင် ဒေါသထွက်လိုက်သေးတာပဲ"

"အဲဒါကြောင့် ပြောတာပေါ့ ... ဒီလိုပုဂ္ဂိုလ်တွေဟာ လူတွေအပေါ် နည်းအမျိုးမျိုးနဲ့ ရိုက်စားလုပ်နေတာပါဆို"

"တင်မိုး ... မင်းမှာ အကြွေပါသေးလား"

"သုံးရာတော့ ကျန်သေးတယ်၊ နှစ်ရာတန်တစ်ရွက်၊ တစ်ရာတန်တစ်ရွက်"

"ဒီလိုပုဂ္ဂိုလ်မျိုး နှစ်ရာနဲ့မတန်ဘူး၊ တစ်ရာပဲပေး"

မျိုးကျော်က တင်မိုးလက်ထဲမှ တစ်ရာတန်တစ်ရွက်ကို ဆတ်ခနဲ လှမ်းယူကာ တရွေ့ရွေ့ လျှောက်လာနေသော ရသေ့ကြီးအနားသို့ ချည်းကပ်သွားခဲ့သည်။

"ရပ်ပါဦး ... ဘရသေ့"

သူ့အသံကြောင့် ရသေ့ကြီး တုန့်ခနဲရပ်သွားသည်။ သူ့ကိုတော့ ငဲ့စောင်း မကြည့်။ မြေပြင်ကိုသာ ကြည့်နေ၏။ သူက ဖိနပ်မချွတ်တော့ဘဲ သပိတ်အဖုံးပေါ်သို့ ငွေတစ်ရာတင်လိုက်သည်။ ထို့နောက် ...

"ဘရသေ့ ... ကျွန်တော့်ကို မှတ်မိနေသေးလား"





ရသေ့ကြီးက လေသံအေးအေးလေးနှင့်ပင်

"ကောင်းကောင်းကြီး မှတ်မိပါတယ်"

"ဘရသေ့ ... ကျွန်တော့်ကို ဟောထားတာရော သတိရသေးရဲ့လား လာမယ့်(၂)နှစ်အတွင်းမှာ ကျွန်တော် ခန္ဓာချုပ်မယ်ဆိုတာ"

"မှတ်မိပါတယ်"

"ဘရသေ့ တစ်ခုခုတော့ လွဲသွားပြီထင်တယ်၊ အခု ကျွန်တော် ဘာမှ မဖြစ်လို့ ဟော့ဒီ ငွေကိုလောင်းနိုင်တာလေ"

ရသေ့ကြီးက သက်ပြင်းကိုချကာ ခေါင်းကိုလေးလေးတွဲ့တွဲ့ညိတ်လျက်

"ကျန်းမာပါစေ ... ချမ်းသာပါစေကွယ်"

ထိုမျှသာပြောပြီး ရှေ့သို့ တစ်လှမ်းချင်း တစ်လှမ်းချင်းလှမ်းကာ ထွက်ခွာသွားလေသည်။ သူကတော့ ရသေ့ကြီး ကျောပြင်ကို ကြည့်လျက် နှုတ်ခမ်းထောင့်စွန်းလေးများကို မဲ့ပစ်မိ၏။

သူ့ ... လက်ဖက်ရည်ဆိုင်ထဲသို့ ပြန်ဝင်မည်အပြု ရန်ကုန်ကားပေါ်မှ ဆင်းလာသော လူတစ်ယောက်ကြောင့် ...

"ဟာ ... ဟိုမှာ မင်းခ"

မင်းခမှာ အရင်ကနှင့်မတူတော့။ များစွာ ပိန်ချုံးသွားလေပြီ။ နှုတ်ခမ်းမွှေး မုတ်ဆိတ်မွေးတွေက ထိုးထိုးထောင်ထောင်။

"ကြည့်စမ်းပါဦးကွာ ... ရုပ်ပြောင်းသွားလိုက်တာ၊ မနည်းဖမ်းယူရတယ်"

မင်းခမှာ ဖက်လှဲတကင်းပြန်မလုပ်နိုင်။ ယဲ့ယဲ့လေးသာ ပြုံးနိုင်ရှာ၏။

"လာ ... ဆိုင်ထဲမှာ တင်မိုးရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



မျိုးကျော်က မင်းခကို လက်ဆွဲကာ လက်ဖက်ရည်ဆိုင်ထဲခေါ်သွားသည်။ တင်မိုးက ဝမ်းသာအားရ ဆီးကြိုရှာ၏။

"ဒီကောင်ကြီး ... ဘုရားပွဲအမှီ ပြန်လာပြန်ပြီဟေ့၊ ထိုင်ကွာ"

မင်းခက လွယ်ထားသော ကျောပိုးအိတ်ပြားချပ်ချပ်လေးကို စားပွဲနှင့်သူ့ခြေရင်းတွင်ထားကာ ထိုင်ခုံတွင် ဝင်ထိုင်လိုက်၏။

"ပိန်လိုက်တာကွာ – ဘယ်လိုဖြစ်တာလဲ"

"ဒီလိုပါပဲ"

"ငါတို့နှစ်ယောက် မင်းအကြောင်းပြန်ပြောဖြစ်တိုင်း ရယ်လိုက်ရတာကွာ ... မပြောနဲ့တော့"

(ရယ်လိုက်ရတာတဲ့။ ဘာရယ်စရာရှိလို့လဲ)

"တေ – သူရှုံးပြီးကျွေးရမှာကြောက်လို့ မပြောမဆို တန်းလစ်သွားတာ ... ဟား ... ဟား ... ဟား"

(အကြောက်လွန်ပြီး ရက်သွားလို့ဆိုတာတော့ မင်းတို့ဘယ်သိပါ့မလဲ)

"ငါ့ကောင်ကပြောတော့ မိုးလားကဲလားနဲ့ – တကယ့်လက်တွေ့ကျတော့ တွေးကြည့်ရင် ရယ်ချင်စရာကြီးကွာ၊ ဟိုနေရာပြေးကပ်၊ သည်နေရာပြေးကပ်နဲ့"

(ဘာတွေပြောနေတာလဲ ဘာတွေပြောနေတာလဲ၊ နားမလည်တော့ဘူး)

"ဟေ့ကောင် – တင်မိုး၊ ငါဇာတ်ရည်လည်အောင် အားလုံးရှင်းပြလိုက်တော့မယ်"

"ပြန်ပြောရင် ရယ်ချင်လွန်းလို့ပါ ခဏနေပါဦး"

"ဒီမယ် – မင်းခ၊ မင်းသိပ်သိပ်ကြောက်သွားအောင် ဖန်တီးခဲ့တာ





ငါကိုယ်တိုင်ပဲ"

(ဖန်တီးခဲ့တယ်ဆိုပါလား၊ ဘာတွေဖန်တီးခဲ့တာလဲ။)

"အမှန်တကယ်တော့ မင်းအိပ်ခဲ့တဲ့အခန်းထဲမှာ ဘာသရဲမှရှိတာမဟုတ်ဘူး၊ ငါတို့အနိုင်လိုချင်လို့ တမင်တကာ လုပ်ချောက်ခဲ့တာ"

"ဟုတ်တယ် မင်းခ – ငါတို့တစ်တွေ ပိတ်ဖြူတွေပက်၊ မြင်းမိုးတွေကိုခေါင်းမှာစွပ်ရင်း မင်းရှိတဲ့အခန်းကိုလာခဲ့တာ၊ သွေးဆိုတာက ဝက်ပေါ်တုန်းကသွေးတွေ၊ ဒီကောင် ... အဲဒီတုန်းက ဖြစ်နေတဲ့ပုံစံကို ပြန်စဉ်းစားတိုင်း ရယ်စရာကြီးလိုဖြစ်လို့"

မင်းခ ကြေကွဲရပြီ။

အကြီးအကျယ် ကြေကွဲရပြီ။

တစ်ဖက်လူရဲ့ ထိတ်လန့်ကြောက်ရွံ့မှုကိုကြည့်ပြီး အရသာခံပျော်ရွှင်တတ်တာ တစ်ဖတ်သားကို စော်ကားတာ မဟုတ်လား။

(ဒါဟာ အကြီးအကျယ်ဆုံး စော်ကားလိုက်တာပဲ။)

"ဒါဆို မင်းရေးထားတဲ့ ဖြစ်ရပ်မှန် စာမူကရော"

"လာပြန်ပြီ ... ဒီကောင် တော်တော်အတာပဲ၊ ဟား ... ဟား"

"မင်းက မျိုးကျော်အကြောင်း ခုထိမသိသေးဘူးလား၊ ဘာဖြစ်ရပ်မှန်လဲ၊ ဘာဖြစ်ရပ်မှန်မှ မဟုတ်ဘူး၊ သူစိတ်ထဲထင်တာတွေ အကုန်လျှောက်ရေးထားတာ၊ ဘီယာသောက်ရင်း စပ်မိစပ်ရာပြောရာက မင်းကို အချည်ဖမ်းချင်လို့ ခပ်တည်တည်နဲ့ လုပ်ချလိုက်တာ"

ထိုစဉ် – မိတ်ဆွေတစ်ဦးက သူတို့နှစ်ယောက်စလုံးကို လှမ်းခေါ်သဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘုရားဂေါပကအဖွဲ့ဝင်၊ အရေးကြီးလို့ ငါတို့နှစ်ယောက် သူနဲ့ စကားသွားပြောလိုက်ဦးမယ်၊ ခဏလေးနော် ... ခဏလေး၊ ပြီးမှ မင်းအကြောင်း ပြောပြီး ဆက်ဟားကြတာပေါ့"

သို့ဖြင့် သူတို့ဝိုင်းကူးသွားကြသည်။

မင်းခ အံကိုတင်းတင်းကြိတ်လိုက်သည်။

သူ(၂)နှစ်တာကာလအတွင်း ဘယ်လိုတွေဖြတ်သန်းလာခဲ့ရသလဲ။

ဘယ်လိုစိတ်ဝေဒနာတွေ ခံစားခဲ့ရသလဲ။

စိတ်ညှစ်နွမ်းမှုတွေ ပင်ပန်းဆင်းရဲမှုတွေနဲ့ ဘယ်လောက်နပန်းလုံးခဲ့ရသလဲ။ သူ့အတွက်တော့ ဘဝပျက်သလိုပင်။ သူတို့မှာတော့ ရယ်စရာပျက်လုံးတွေ ဆင့်ကာ ဆင့်ကာ။

နာနာကြည်းကြည်းနှင့် သွားတွေကို စေ့တင်းလိုက်သည်။

ဒေါသတွေလည်း ဆူဝေပွက်လို့လာပါပြီ။

မရတော့ပါ။ ဘယ်လိုမှ မရတော့ပါ။ သူ့စိတ်တွေကစဉ့်ကလျားဖြစ်လာရပြီ။ စနက်တံကိုဖြုတ်တော့မည့် ဗုံးတစ်လုံးလို ဖြစ်နေသည်။

မျိုးကျော်ရယ်မောသံတွေက သူ့နားစည်ဝတွင် ပဲ့တင်ထပ်နေ၏။ တဆတ်ဆတ်တုန်ရီနေသော လက်တွေက ကျောပိုးအိတ်ကို စမ်းလိုက်သည်။

ဓားမြှောင်တစ်ချောင်း။

စိတ်ဖိစီးမှုတွေကို မခံနိုင်တော့သည့်အဆုံး ကိုယ်နှင့်မကွာ ဆောင်ထားသည့် ကိုယ်ရံတော်။ အိတ်ကိုအသာဖွင့်ကာ ဓားမြှောင်ကို အရိုးမှတင်းတင်း ကြပ်ကြပ်ကိုင်လိုက်၏။

ဘယ်လိုမှ သည်းခံနိုင်စွမ်းမရှိတော့။ ဒေါသအခိုးအငွေ့တွေက သူ့





မျက်လုံးတွေကို ပျာဝေစေလေပြီ။

မျိုးကျော် တစ်ဖက်ဝိုင်းမှ ပြန်လာသည်။ အနားရှိ ထိုင်ခုံတွင် ဝင်ထိုင်သည့်အပြု၊ ဝမ်းဗိုက်ဆီသို့ စိတ်ရှိလက်ရှိ ထိုးချလိုက်ပါတော့၏။

"အု"

ဓားကို ဆွဲနှုတ်ကာ နောက်တစ်ချက် ...

"အင့်"

နောက်တစ်ချက်တွင်တော့ ဘေးကလူအဆွဲမြန်လိုက်သောကြောင့် အောင်မြင်ခဲ့ပါ။ ထိုအချင်းအရာကြောင့် တစ်ဆိုင်လုံး ရုတ်ရုတ်သဲသဲဖြစ်ကုန်ကြ၏။ မျိုးကျော်မှာ မြေပေါ်သို့ ပုံ၍လဲကျသွားသလို မင်းခကိုလည်း လူသုံးလေးယောက်က ဖမ်းချုပ်လိုက်ကာ ...

"ဓားကိုလွှတ်ချစမ်း ... လွှတ်ချစမ်း"

တင်မိုးမှာ တစ်ခဏတာ မှင်တက်မိနေရာမှ တစ်ဖက်ဝိုင်းမှကူးကာ မျိုးကျော်ကို ဆွဲပွေ့လိုက်သည်။

"မျိုးကျော် ... မျိုးကျော် ..."

ဗိုက်မှ သွေးတွေက ဒလဟော စီးကျနေသည်။ သူ့မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် မင်းခဘက်သို့ကြည့်ကာ ...

"ဟောကောင် ... မင်းဘယ်လိုလုပ်လိုက်တာလဲ၊ ဒါ ... ဒါ မင်းသူငယ်ချင်းလေ ... မင်းရူးနေလား၊ မင်းကို ဒီကောင်ဘာလုပ်ခဲ့လို့လဲ"

မင်းခ တောင့်တောင့်ကြီးရပ်လျက် မျိုးကျော်ကို စိမ်းစိမ်းကြီးစိုက်ကြည့်နေဆဲသာ။ မျက်လုံးတွေက ပြူးအစ်ထွက်နေသလို အသားတွေလည်း တဆတ်ဆတ်တုန်ယင်နေပါသည်။

www.burmeseclassic.com



"ဓားကို လွှတ်ချလိုက်လေ ... ပြောနေတာ မကြားဘူးလား"

ချုပ်ထားသူတစ်ဦး၏လက်က မင်းခ၏လက်ကောက်ဝတ်ကို ခပ်ဖိဖိ ညှစ်သည်။ ဓားကလွှတ်ကျမသွား။

"မျိုးကျော် ... မျိုးကျော်"

တင်မိုးက လက်ပေါ်ခေါင်းတင်၍ တကျော်ကျော်ခေါ်သည်။

"ဒီအတိုင်းထားလို့ ဘယ်ရမယ်၊ ဆေးရုံပို့ ... ဆေးရုံပို့"

မျိုးကျော် သွေးတစ်ဖွက်ကို အံ့ထုတ်လျှက် တစ်ချက်ထိုးတက်သွားပြီးနောက် အသက်ပါ ပါသွားလေတော့၏။

"မျိုးကျော် ... မျိုးကျော်"

ထိုအခါမှ မင်းခ လက်ထဲမှ ဓားသည် မြေပြင်ပေါ်သို့ ပြုတ်ကျသွားပါ၏။

"ဒီကောင့်ကို ရဲစခန်းခေါ်သွား"

လူတွေ တဖြည်းဖြည်းဝိုင်းအုံလာသည်။ တအံ့တသြဖြစ်ကြသူတွေက အပုံအပင်။ သူငယ်ချင်းအချင်းချင်း ဓားထိုးမှုဖြစ်သတဲ့။ ရန်လည်းမဖြစ် စကားလည်းမများ၊ အကောင်းအတိုင်းက ထ,ဖြစ်တာတဲ့။

တချို့က အရင်က ရန်ငြိုးရှိလို့နေမှာပေါ့တဲ့။

တချို့က ရည်းစားလုကြတာများလားမှ မပြောတတ်တာတဲ့။

လူတွေအမျိုးမျိုးပြောနေကြသော်လည်း သူတို့၏နောက်ကွယ်တွင် အဖြစ်မှန်မှာ တစ်ခုတည်းသာရှိပါသည်။ ထိုတစ်ခုတည်းသောအကြောင်းအရာကိုသိသူမှာလည်း မင်းခတစ်ယောက်တည်းပင် မဟုတ်ပါလား။





ခဏအတွင်းမှာပင် ...

မင်းခအား ရဲစခန်းသို့ ခေါ်သွားသည်။ မျိုးကျော်အား ဆေးရုံသို့ ပို့လိုက်သည်။ ယင်းအဖြစ်ကို တစ်နေရာမှ တွေတွေငေးငေးကြည့်နေသူမှာ အဘရသေ့ကြီးပင်။

ထိုနေရာလေးတွင်

ပထမ စုရုံး စုရုံးဖြင့် ပြောကြ ဆိုကြ ဝေဖန်ကြနှင့် စည်ကားနေသည်၊ သို့သော် ... နောက်ထပ် နာရီပိုင်းအကြာတွင်မူ ပုံမှန်အတိုင်းပင် ပြန်ဖြစ်သွားပါလေ၏။

✲ ၿ ✲



www.burmeseclassic.com

www.burmeseclassic.com

လူတစ်ဦးတစ်ယောက်၏ အားနည်းချက် (သို့မဟုတ်) အတိဒုက္ခရောက်နေမှုကို တစ်ဖက်လူက ပျက်ရယ်ပြုနိုင်၊ ရယ်သွမ်းသွေးနိုင်ကြသော သူတို့သည် တစ်နေ့မဟုတ် တစ်နေ့တွင် အကျိုးမဲ့မှု (သို့မဟုတ်) အတိဒုက္ခရောက်မှုနှင့် ရင်ဆိုင်ရမည်မှာ မလွဲမသွေပင်။

ပြီး။

ကြိုးစားပါဦးမည်။

**ဂမ္ဘီရမောင်မွေး**

ရှိရင့်အောင်စာပေ

www.burmeseclassic.com